# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၇)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘီလူးချောင်း အမှတ်(၂) လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

## လုပ်ငန်းများ စံချိန်စံညွှန်းမီရေး၊ သတ်မှတ်ချိန်ထက်စောပြီးရေး လုပ်ကိုင်စက်ယန္တရားများ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်စုံစုံရောက်ရှိရေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၁၆)မိုင်ခန့်အကွာ၌ တည်ဆောက်လျက်ရှိသော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳



ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း ချဉ်းကပ်ဥမင် အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေသွယ်ဥမင်လိုဏ်အပြင် နံရံများအား Shot Crete ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေကြစဉ်။ (သတင်းစဉ်)

### ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း

ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသည် လွိုင်ကော်မြို့၏အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ ဘီလူးချောင်းနှင့် ပွန်ချောင်းတို့ဆုံသည့်နေရာတွင် တည်ရှိပြီး သံကူကွန်ကရစ် Ogee ပုံသဏ္ဌာန် ရေလွှဲဆည်၊ ရေသွယ်ဥမင်လိုဏ်အမျိုးအစားဖြစ်သည်။ စီမံကိန်း၏ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက ၂၄ မဂ္ဂါဝပ်ရှိ တပ်ဆင် စက်အင်အား နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား တစ်နှစ်ပျမ်းမျှ ၃၃၄ ကီလိုဝပ်နာရီသန်း ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်မည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်)

# လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် ပညာရည်မြင့်မားရေး တိုးမြှင့်ဖော်ဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးသည် အဓိကကျသည်။

တိုးတက်လာသော စီးပွားရေးနှင့် မရှိမဖြစ်လိုအပ်သော စက်မှုဆိုင်ရာ အသိပညာနှင့် အတတ်ပညာရှင်များ ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့၌ နည်းပညာတက္ကသိုလ်(လွိုင်ကော်) ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီ ၁၀ရက်နေ့က ခမ်းနား သိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

ကယားပြည်နယ်၌ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ယခုနည်းပညာတက္ကသိုလ်အပြင် ကွန်ပျူတာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ၌ လူ့အဖွဲ့အစည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြောင်းလဲဖြစ်ပေါ်နေသည့် ခေတ်စနစ်၏ တောင်းဆိုမှုများကို ရင်ဆိုင်ဖြေရှင်းရေးနှင့် လူ့အဖွဲ့အစည်း ရေရှည်ရှင်သန် တည်တံ့ရေးတို့အတွက် အရင်းခံအကြောင်းတရားသည် ပညာရေးအခြေခံ ခိုင်ခံ့ကောင်းမွန်ရန် လိုအပ်ပေသည်။

ပညာရေးသည် အသိပညာနှင့် အတတ်ပညာကို ဖြည့်ဆည်းပေးနိုင်ပြီး ပညာရေး၌ ခေတ်နောက်ကျပြီး အဆင့်မမီလျှင် ကျန်ကဏ္ဍအားလုံးသည် ခေတ်နောက်ကျ ကျန်ရစ်နေမည်သာ ဖြစ်ပေသည်။

ယနေ့အချိန်အခါသည် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နည်းပညာများ၏ တိုးတက်ပြောင်းလဲမှု ကြီးမားကျယ်ပြန့်ပြီး အရှိန်အဟုန်ဖြင့် မရပ်မနား တိုးတက်နေသည့် ကာလဖြစ်သည်။ထို့ကြောင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူတတ်မြောက်ပြီး မိမိနိုင်ငံ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ အသုံးချကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော် ရေရှည်တည်တံ့ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာ၌ လိုအပ်သော အရည်အချင်း မြင့်မားသည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးထုတ်ရန်နှင့် အဆင့်မြင့်ပညာသင်ကြားနိုင်သည့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် တိုးမြှင့်ဖော်ဆောင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၁၄-၂-၂၀၀၉ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂၊ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၂၅ | ၄။ | ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၂၃) |
| ၁၂း၀၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အမြည်း** သရုပ်ဆောင်- မြင့်မြတ်၊စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်၊ (ဒါရိုက်တာ ကုသိုလ်) |
| ၁၃း၅၅ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၄း၀၀ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၂၁) |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ချစ်သူစုံတွဲ တူယှဉ်နွဲ |
| ၄း၁၅ | ၄။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၄း၂၅ | ၅။ | ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ အပိုင်း-က) |
| ၄း၄၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | ၈။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၂။ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၆း၄၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၅) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | လူရွှင်တော်ရွှေဖလား |
| | ၁၉။ | အင်္ဂလိပ်စာသုတ (English Usage) |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၂၀) |



## ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mikhail MGELA-DZE သည် ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## ကျောက်ဆည်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဖေဖော်ဝါရီ ၇ရက်က တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆေးပဒေသာပင်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံနှင့် သိန္နီကန်တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံသည်။ ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးက စုပေါင်းအလှူငွေများကို မြို့နယ်ဆရာဝန်ကြီးအား ပေးအပ်ပြီး မြို့နယ်ဆရာဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လမ်းသစ်ဖွင့်**

ထိုမှတစ်ဆင့် တိုင်းမှူးသည် တံတားဦးမြို့နယ် သားများဘကျေးရွာသို့ရောက်ရှိပြီး နွေစပါးစိုက်ပျိုးရန် ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးကာ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ကျောက်ဆည်မြို့ ကြက်မင်းတွန် ရပ်ကွက်ရှိ သရဖီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းမှူးသည် ကျောက်ဆည်မြို့နယ် သူငယ်တော်ကျေးရွာရှိ တောင်သူဦးကျော်ငြိမ်း၏ လယ်၌ သဘာဝမြေသြဇာပြုလုပ်မှု၊ ဇီဝဓာတ်ငွေ့ကန် တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ မြို့သာကျေးရွာအနီး တလိုင်းမြောင်းပြုပြင်မှုလုပ်ငန်းခွင်၌ နုန်းဆယ်ယူမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသား ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ပူဇော်ကန်တော့ရန်နှင့် သူငယ်ချင်းများ ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် မိတ်ဆုံစားပွဲကို မတ်၂၈ရက်(စနေနေ့) ညနေ ၅ နာရီ၌ EXCEL TOWER(ရွှေဂုံတိုင်) တွင် ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ချစ်ကိုဇော် ဖုန်း-၀၉-၈၆-၄၀၄၂၉၊ တင်ထွန်းအောင် ဖုန်း-၀၉-၅၁-၅၇၉၁၀၊ မိုးကျော် ဖုန်း-၀၁-၅၈၁၅၀၂၊ သန့်လွင်ဝင်း ဖုန်း-၀၉-၅၁-၅၉၁၇၉၊ ထွန်းထွန်းဝင်း ဖုန်း-၀၉-၂၀-၁၀၈၁၃၊ အေးအေးလွင် ဖုန်း-၀၉-၅၂-၃၂၅၅၄၊ အောင်ကျော်ဆန်း ဖုန်း-၀၉-၂၀-၁၈၃၈၆၊ အောင်ကျော်စိုး ဖုန်း-၀၉-၅၁-၃၁၆၃၃၊ ချိုချိုဝင်း ဖုန်း-၀၉-၅၁-၄၅၁၃၂၊ ချောစုမြတ် ဖုန်း-၀၉-၅၀-၀၆၄၁၅၊ ခင်ဌေးရီ ဖုန်း-၀၉-၅၁-၈၀၇၀၉၊ ရီရီခင် ဖုန်း-၀၉-၅၂-၅၀၆၁၁နှင့် သန်းသန်းစိုး ဖုန်း-၀၉-၅၁-၂၅၀၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## အီရတ် ကာဘာလာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ၁၂ဦးသေဆုံး၊ ၄၅ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံ ကာဘာလာမြို့တွင်ဖေဖော်ဝါရီ၁၂ရက်မွန်းလွဲပိုင်းကဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၂ဦးသေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

ယင်းနေ့က ဒေသတွင်း ပွဲတော်ကျင်းပရာအရပ်အနီးရှိ လမ်းဘေးအမှိုက်ပုံတွင် ထောင်ထားသောဗုံး ပေါက်ကွဲခဲ့ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲသတင်းရပ်ကွက်၏ ပြောကြားချက်ကို ကိုးကား၍ ရာကီယာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များက အခင်းဖြစ်အရပ်ကိုအစောင့်အကြပ်များဖြင့် ထိန်းသိမ်းထားပြီး ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။ (အင်တာနက်)

## မာလီနိုင်ငံသို့အလည်အပတ်ရောက်ရှိနေသော သမ္မတဟူကျင်တောင် အာဖရိကနိုင်ငံများအား အကူအညီပေးရန် ကတိကဝတ်ပြု

ဘာမာကို ဖေဖော်ဝါရီ ၁၃

**အာဖရိကနိုင်ငံများ ခရီးစဉ်တွင် မာလီနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်သမ္မတ ဟူကျင်တောင်သည် ဖေဖော်ဝါရီ ၁၂ရက်က အာဖရိကနိုင်ငံများကို အကူအညီတိုးမြှင့်ပေးရေး၊ ၎င်းနိုင်ငံများမှ ရရန်ရှိသောကြွေးများကို လျှော်ပစ်ရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရေးတို့ကို ကတိကဝတ်ပြု သဘောတူညီခဲ့သည်။**

မာလီသမ္မတ အမာဒိုတိုမာနီတိုရေးနှင့်တွေ့ဆုံဆွေးနွေးစဉ်သမ္မတဟူကျင်တောင်က ယင်းကဲ့သို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

**အလည်အပတ်ရောက်ရှိ**

အနောက်အာဖရိကနိုင်ငံ မာလီသို့ ပထမဦးဆုံးအလည်အပတ်ရောက်ရှိခဲ့သူ သမ္မတဟူကျင်တောင်သည် မာလီသမ္မတနှင့်တွေ့ဆုံဆွေးနွေးမှုမပြုမီ မာလီဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုမှုကို ခံယူခဲ့သည်။

**ထုတ်ပြန်**

ယခုခရီးစဉ်သည် ၂၀၀၆ ခုနှစ် တရုတ်-အာဖရိက ထိပ်သီးအစည်းအဝေးတွင် အာဖရိကသို့ခရီးထွက်ခွာပြီးနောက် သမ္မတဟူကျင်တောင်၏ အာဖရိကဒုတိယခရီးစဉ်ဖြစ်ပြီး အခွန်အများအပြား လျှော့ချရေး၊ အာဖရိကနိုင်ငံများမှ ရရန်ရှိသည့် ကြွေးများ ကင်းလွတ်ခွင့်ပေးရေးနှင့်သုံးနှစ်တာကာလအတွင်း အာဖရိကနိုင်ငံများအား အကူအညီနှစ်ဆတိုးပေးရေးတို့ အပါအဝင် လုပ်ငန်းစဉ်ရှစ်ရပ်ကို ကတိကဝတ်ပြုကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ **(အင်တာနက်)**

# ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းကူညီဆောင်ရွက်



## ဆွေးနွေးမှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)



■ *ကျော်ဖုံးမှ*

ရှေးဦးစွာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က ပြည်နယ်၏ စိုက်ပျိုးရေး၊ စက်မှုလက်မှုကဏ္ဍအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ လာရောက်ခြင်း၏ ရည်ရွယ်ချက်သည် ကယားပြည်နယ်အတွက် ခံ့ညားထည်ဝါသည့် တက္ကသိုလ်ကြီးတစ်ခု ဖွင့်လှစ်ပေးရန်၊ ပြည်နယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မြို့နယ်များအထိ ကွင်းဆင်းကြည့်ပြီး မြို့နယ်အလိုက် လိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ဖြစ်ကြောင်း။

### စုပေါင်းနေထိုင်

ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၄၅၀၀ ကျော် ကျယ်ဝန်းပြီး ခရိုင်နှစ်ခု၊ မြို့နယ် ခုနစ်မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားပေါင်းစုံ သုံးသိန်းကျော် စုပေါင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

အကျယ်အဝန်းအားဖြင့် သေးငယ်ပြီး လူဦးရေအားဖြင့် နည်းသော်လည်း တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

ကယားပြည်နယ်သည် မြန်မာပြည်တွင်းပိုင်း တောင်ငူ၊ ပျဉ်းမနားစသည့် ပဲခူးတိုင်း၊ မန္တလေးတိုင်းတို့နှင့် အလှမ်းမကွာဝေးလှသော်လည်း မြင့်မားသည့် တောင်ကုန်းတောင်တန်းများ ပိုင်းခြားတည်ရှိနေသည့်အတွက် တစ်ချိန်က လမ်းပန်းဆက်သွယ်သွားလာမှု ခက်ခဲသဖြင့် အမြင်နီးသော်လည်း ခရီးဝေးလျက်ရှိနေခဲ့ကြောင်း။

ထို့အပြင် ကိုလိုနီနယ်ချဲ့တို့အနေဖြင့် နှစ်ပေါင်းကြာရှည်စွာ ပြည်နယ်၊ ပြည်မဆိုပြီး ခွဲခြားအုပ်ချုပ်ခဲ့သည့်အတွက် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှုနည်းပါးပြီး သူစိမ်းပြင်ပြင် နေထိုင်လာခဲ့ကြရာမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများကြောင့် အချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည်အထိ ဖြစ်ပေါ်ခဲ့ကြကြောင်း။

### ဥပဒေဘောင်အတွင်းဝင်ရောက်

လွတ်လပ်ရေးရပြီး နှစ်ပေါင်း၄၀ကျော် ၅၀ခန့် တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်လာခဲ့ရာမှ မိမိတို့ တပ်မတော်အစိုးရ တိုင်းပြည်တာဝန်ယူရချိန်တွင် ပြည်တွင်းသောင်းကျန်းမှု၏ အနိဋ္ဌာရုံများကို တွေ့မြင်သိရှိပြီး သတိသံဝေဂရကာ တပ်မတော်အစိုးရနှင့် လက်တွဲ၍ တိုင်းပြည်အကျိုး၊ ဒေသ၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်ရောက်လာခဲ့ရာ ယခုအခါ အမြင်မှန်မရသေးသည့် အဖွဲ့ငယ်အချို့မှအပ အားလုံးနီးပါး ဥပဒေဘောင်အတွင်းသို့ ရောက်ရှိလာခဲ့ကြပြီဖြစ်ကြောင်း။

ကယားပြည်နယ်အတွင်း တည်ငြိမ်မှု၊ လုံခြုံမှုရှိလာသည်နှင့်အမျှ တပ်မတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့ကို အခြားဒေသများနည်းတူ ဖွံ့ဖြိုးမှု နောက်ကျမကျန်ရစ်စေရန် အားသွန်ခွန်စိုက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

### အလွယ်တကူ ကူးလူးဆက်သွယ်

လမ်းပန်းဆက်သွယ်မှုအပိုင်းအနေဖြင့် လက်ရှိ လေကြောင်းလမ်းနှင့် မော်တော်ကားလမ်းများသာမက ၁၉၉၃ခုနှစ်တွင် အောင်ပန်း-လွိုင်ကော် မီးရထားလမ်းကိုပါ ဖောက်လုပ်ပေးခဲ့သည့်အတွက် ယခုအခါ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းတို့ အလွယ်တကူ ကူးလူးဆက်သွယ် သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ကားလမ်း၊ ရထားလမ်းတစ်လျှောက် တံတားကြီး၊ တံတားငယ်များ ဆောက်လုပ်ပေးခဲ့သည့်အပြင် တောင်ငူ၊ လိပ်သို၊ ယာဒို၊ လွိုင်ကော်လမ်း၊ လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်းနှင့် ဘော်လခဲ၊ ရွာသစ်၊ စွပ်ပိုင်လမ်း၊ ဖားဆောင်း-မယ်စဲ့လမ်းတို့ကိုလည်း အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း။

ကယားပြည်နယ် ဆက်သွယ်ရေးကဏ္ဍ တိုးတက်ရေးအတွက် ယခင်မရှိခဲ့သော မိုက်ကရိုဝေ့ဗ်စခန်းတစ်ခုနှင့် အင်တာနက်၊ အီးမေးလ်ချိတ်ဆက်နိုင်သည့် စခန်း ငါးခု ဖွင့်လှစ်ပေးခဲ့သည့်အပြင် တယ်လီဖုန်းရုံး ၁၅ခု၊ အော်တိုအိတ်ချိန်း တစ်ခု၊ လက်လှည့်အိတ်ချိန်း ခုနစ်ခု၊ ကျေးလက်တယ်လီဖုန်းရုံး ခုနစ်ခု၊ အော်တိုလက်သုံးနှင့် ဂြိုဟ်တုဆက်သွယ်ရေးစခန်း တယ်လီဖုန်း ၂၁၇၃လုံးတို့ကို တိုးမြှင့်တပ်ဆင်ပေးခဲ့သည့်အတွက် Tele Communication ဆက်သွယ်မှုအပိုင်းတွင် ယခင်ကထက် များစွာတိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း။

### ပါဝင်ဆောင်ရွက်

ပညာရေးအပိုင်းနှင့်ပတ်သက်ပြီး ယခင်က အခြေခံပညာကျောင်းပေါင်း ၃၃၃ ကျောင်းရှိခဲ့ရာမှ ယခုအခါ ၃၈၈ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး အဆင့်မြင့်တက္ကသိုလ်ပညာများကို ကိုယ့်ဒေသအတွင်း၌ပင် သင်ယူနိုင်စေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုအနက် လွိုင်ကော်မြို့ကို ဖွံ့ဖြိုးရေးဒေသတစ်ခု သတ်မှတ်ပြီး ယခုအခါ ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ် တစ်ခုနှင့် နည်းပညာတက္ကသိုလ် တစ်ခုတို့ကို ဖွင့်လှစ်ပေးခဲ့သည့်အပြင် တက္ကသိုလ်အဆောက်အအုံများကိုလည်း ခံ့ညားထည်ဝါစွာ ဆောက်လုပ်ပေးထားသည့်အတွက် ကယားပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် အသိပညာရှင် အတတ်ပညာရှင်များလည်း များစွာပေါ်ထွန်းလာနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာနိုင်ကြတော့မည် ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် အထောက်အကူပေးနိုင်ရန်အတွက် လွိုင်ကော်မြို့ရှိ ခုတင် ၁၅၀ဆံ့ ဆေးရုံကို ခုတင် ၂၀၀ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးပြီး အထူးကုဆရာဝန်ကြီးများလည်း ထပ်မံဖြည့်တင်းပေးထားကြောင်း၊ ထို့အပြင် ၁၆ခုတင်ဆံ့ ဆေးရုံ သုံးရုံကိုလည်း ၂၅ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပြီး ယခင်ကထက် ဆရာဝန်၊ ဆရာမ ၁၇၄ဦး တိုးမြှင့်ခန့်ထားပေးသည့်အတွက် ကယားပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခြားပြည်နယ်/တိုင်းများနည်းတူ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

### ဖူလုံပိုလျှံ

စီးပွားရေးအပိုင်းတွင် စားဝတ်နေရေးသည် အဓိကဖြစ်ပြီး စားရေးဖူလုံရန်အတွက် အရေးကြီးကြောင်း၊ ကယားပြည်နယ်တွင် ယခင်က စိုက်ပျိုးမြေဧရိယာဧက ရှစ်သောင်းကျော်သာရှိပြီး ယခုအခါ ၃၇၈၁၃၆ဧကအထိ တိုးချဲ့စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ စားရေးအတွက် အဓိကသီးနှံဖြစ်သည့် စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ယခင်က မိုးစပါး ၆၁၀၅၁ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသတွင်း ဆန်ဖူလုံမှုမရှိခဲ့သော်လည်း ယခုအခါ ၂၀၀၈-၂၀၀၉ခုနှစ်တွင် မိုးစပါး ၁၀၁၄၈၁ဧက စိုက်ပျိုးနိုင်ခဲ့၍ နွေစပါးကိုလည်း ဧက၉၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိုးစပါး၊ နွေစပါး နှစ်ရပ်ပေါင်း တင်းသန်း ၇၀ကျော် ထွက်ရှိနေပြီဖြစ်သည့်အတွက် ဆန်ဖူလုံမှု ရာခိုင်နှုန်း ၁၁၃ဒသမ ၇၁ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ အလားတူ စားသုံးဆီဖူလုံသည့် ရာခိုင်နှုန်းမှာလည်း ၁၂၈ဒသမ ၁၂ရာခိုင်နှုန်းရှိသည့်အတွက် ကယားပြည်နယ်သည် စားရေးအတွက် ဆန်နှင့်စားသုံးဆီ ဖူလုံပိုလျှံသော ပြည်နယ်ဖြစ်ကြောင်း၊ နှစ်စဉ် လူဦးရေတိုးနေသည့်အတွက် စားရေရိက္ခာဖူလုံရေး ပိုမိုခိုင်မာအောင် ဂရုစိုက်ရမည်ဖြစ်ကြောင်း။

ပြောင်းသည် ကယားပြည်နယ်အတွက် ထွက်ကုန်တစ်မျိုးဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်သည့်အတွက် စပါးစိုက်မရသော တောင်ပေါ်ဒေသများတွင် ပြောင်းနှင့်နှမ်းကို တိုးချဲ့စိုက်သင့်ကြောင်း၊ လက်ရှိ အစေ့ထုတ်ပြောင်း တစ်ဧကအထွက်နှုန်းသည် ၅၉တင်းနီးပါးသာရှိသည့်အတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်သင့်ကြောင်း။

### ပြည့်မီကျော်လွန်အောင်ကြိုးစား

စီးပွားရေးတိုးတက်မှုကို တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)၊ လူတစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေ (Per Capital Income)တို့ဖြင့် တွက်ကြောင်း၊ ကယားပြည်နယ်၏ ၂၀၀၈-၂၀၀၉ တစ်နှစ်လုံး ရည်မှန်းချက်မှာ တန်ဖိုးအားဖြင့် ကျပ် ၆၈ဒသမ ၂ဘီလီယံဖြစ်ပြီး တိုးတက်မှုနှုန်း ၇ဒသမ ၆ရာခိုင်နှုန်း လျာထားကြောင်း၊ ယခု ၂၀၀၈ ဧပြီလမှ ဒီဇင်ဘာလအထိ ကျပ်ဘီလီယံ ၅၂ဒသမ ၂ရာခိုင်နှုန်းအားဖြင့် ၇၆ဒသမ ၅ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး တိုးတက်မှုနှုန်း ၆ဒသမ ၈ရာခိုင်နှုန်းရှိကြောင်း၊ ကာလတို စတုတ္ထငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၈-၂၀၀၉ ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ကြိုးစားရန်လိုကြောင်း။

ကယားပြည်နယ်၏ ၂၀၀၇-၂၀၀၈ လူတစ်ဦးချင်းဝင်ငွေသည် ကျပ်၂၇၀၄၁၇ ဖြစ်သည့်အတွက် အခြားပြည်နယ်/တိုင်းများနှင့် နှိုင်းယှဉ်ပါက နည်းနေသေးသည်ကို တွေ့ရကြောင်း၊ ၂၀၀၈ခုနှစ် တတိယသုံးလပတ်ကုန်အထိ တစ်နိုင်ငံလုံး လူတစ်ဦးချင်းဝင်ငွေသည် ကျပ်၄၀၅၀၀၀ ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး လူတစ်ဦးချင်းဝင်ငွေကို ကျပ်ခြောက်သိန်းပြည့်မီရန် ရည်မှန်းထားကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း ထုတ်ကုန်များ များများထုတ်နိုင်အောင် အလုပ်ကိုကြိုးစားလုပ်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရန် ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရန်အတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုလက်မှုနိုင်ငံ ထူထောင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံပြီး အရင်းအနှီးများ ရှာဖွေရမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်၊ လယ်ယာထွက်ကုန်များကို များများထွက်ရှိအောင်၊ ပြည်ပသို့ များများတင်ပို့ရောင်းချနိုင်အောင် ကြိုးစားကြရမည် ဖြစ်ကြောင်း။

### ပြည်ထောင်စုစိတ်ဓာတ်

စက်မှုလက်မှုထူထောင်နိုင်ရန်အတွက် အရင်းအနှီးများလိုကြောင်း၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များလိုကြောင်း၊ ယခုဒေသတွင်း၌ တက္ကသိုလ်များ ထူထောင်ပေးထားပြီဖြစ်၍ ဒေသတွင်းတွင် တကယ်တတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်လိုကြောင်း၊ ဆရာ ဆရာမများ၏ တာဝန်သည် လူတော်များ မွေးထုတ်ပေးရုံဖြင့်မပြီးဘဲ လူကောင်းများဖြစ်အောင်၊ စည်းကမ်းရှိအောင်၊ ကိုယ်ကျင့်တရားကောင်းအောင်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိအောင် မွေးထုတ်လေ့ကျင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း။

ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်၍ ရမည်ဖြစ်ကြောင်း၊ ဆူဆူပူပူနှင့် ဖြစ်နေလျှင်၊ လုံခြုံမှုကင်းမဲ့နေလျှင် ဘာမျှလုပ်၍ မရနိုင်ကြောင်း၊ နယ်ချဲ့က အိုးမဲသုတ်ပေးပြီး အိမ်ကြက်ချင်းခွပ်ခဲ့ရသည့် နှစ်၄၀ ကျော်ကြာ ဆုံးရှုံးနစ်နာမှုများ၊ တိုင်းပြည်နောက်ကျကျန်ခဲ့သည်များကို သင်ခန်းစာယူပြီး သောင်းကျန်းသူလုံးဝကင်းစင်၍ တည်ငြိမ်အေးချမ်းသောဒေသ၊ ရာနှုန်းပြည့်လုံခြုံမှုရှိသော ကယားပြည်နယ်ဖြစ်အောင် အားလုံး ဝိုင်းဝန်းကြိုးစားကြရန် လိုကြောင်း။

### ဝိုင်းဝန်းကူညီဆောင်ရွက်

အနာဂတ်နိုင်ငံတော်အတွက် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူအများစုက ၉၂ဒသမ ၄၈ရာခိုင်နှုန်း ဆန္ဒမဲပေးပြီး ထောက်ခံအတည်ပြုထားပြီးဖြစ်ကြောင်း၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲပြုလုပ်မည် ဖြစ်ကြောင်း၊ အဖျက်သမားများက လိုက်ပြီး ဖျက်ကြဦးမည်ဖြစ်ကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

## သတင်းအချက်အလက် နည်းပညာပြပွဲ -၂၀၀၉ ဖွင့်ပွဲ

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ လှိုင်တက္ကသိုလ် နယ်မြေ Myanmar Info- Tech အဆောက်အအုံဝင်းအတွင်းရှိ ICT Park ၌ ကျင်းပသည့် မြန်မာ သတင်းအချက်အလက် နည်းပညာ ကော်ပိုရေးရှင်းလီမိတက်၏ သတင်းအချက်အလက် နည်းပညာပြပွဲ -၂၀၀၉(ICT Exhibition-၂၀၀၉)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ Myanmar Info -Tech အုပ်ချုပ်မှုဒါရိုက်တာက သတင်းအချက်အလက် နည်းပညာပြပွဲ -၂၀၀၉ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် Myanmar Info- Tech ဥက္ကဋ္ဌတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ သတင်းအချက်အလက် နည်းပညာပြပွဲ ၂၀၀၉ ဖွင့်ပွဲတွင် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)



## အမှတ်(၂)ခရိုင်ချင်းဆက်လမ်း မုတ္တမ-သဲအိမ်-ကြာပန်း-ဝင်းကံလမ်းပိုင်းရှိ လမ်းပိုင်းအခြေအနေများနှင့် တံတားများတည်ဆောက်မှု အခြေအနေများ

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းက မွန်ပြည်နယ် သထုံမြို့ သုဓမ္မဝတီမြို့သစ် စစ်မှုထမ်းဟောင်းရပ်ကွက်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စစ်မှုထမ်းဟောင်း မိသားစုများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘီးလင်းမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဘီးလင်းသကြားစက်ကိုလည်းကောင်း၊ ဘီးလင်းမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း စက်မှုသုံးအရက်ပြန်စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည်အမှတ်(၂)ခရိုင်ချင်းဆက်လမ်း မုတ္တမ-သဲအိမ်-ကြာပန်း-ဝင်းကံလမ်းအပိုင်း(၅) လမ်းပိုင်းမိုင်တိုင်အမှတ် ၇၇မိုင်ရှိ သဲဖြူချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိပြီး သံပေါင်ဘေလီသစ်သားတံတား တည်ဆောက်နေမှု အခြေအနေ၊ မိုင်တိုင်အမှတ် ၈၂ မိုင် ၄ဖာလုံရှိ ကဒတ်ချောင်းတံတား တည်ဆောက်နေမှု အခြေအနေ၊ မိုင်တိုင်အမှတ်၈၄မိုင် ၄ဖာလုံရှိ ဆောင်နိုင်ကြီး ချောင်းတံတားတည်ဆောက်နေမှု အခြေအနေနှင့် မိုင်တိုင်အမှတ် ၉၁မိုင် ၇ဖာလုံနှင့် ၉၂မိုင်ကြားရှိ ခဝါချောင်းတံတား(ဆင်တွင်း)တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဲဖြူချောင်းတံတား တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မုတ္တမ-သဲအိမ်-ကြာပန်း-ဝင်းကံ လမ်းပိုင်းရှိ သဲဖြူချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေအား ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဦးဆောင်သော ပညာရှင်များလာရောက်တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေအား ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Tokiyoshi Toya၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အကြီးအကဲ Dr. LE HUU TI နှင့် ပါကစ္စတန် မိုးလေဝသဌာနညွှန်ကြားရေးမှူးချုပ်နှင့် အာရှဒေသအဖွဲ့ (၂) ဒုတိယဥက္ကဋ္ဌ Dr.Qamar-UZ-Zaman Chaudhry တို့သည် ယမန်နေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်၍ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသို့ အပူပိုင်းမုန်တိုင်းနှင့် ပတ်သက်၍ နည်းပညာအကူအညီပေးခြင်းနှင့် မုန်တိုင်းဒီရေ သင်တန်းများပေးရန်အတွက် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးဝင်းခန့်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဗိုလ်တထောင်မြို့နယ်၌ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဗိုလ်တထောင်မြို့နယ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဗိုလ်တထောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဆန်းမော်က ဖတ်ကြားသည်။

အခမ်းအနားသို့ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၀၀ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း) စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၈ခုနှစ် လုပ်ငန်းဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးနှင့်စတုတ္ထအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၈ရက် မွန်းတည့် ၁၂နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) က ဆောင်ရွက်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က အမှာစကား ပြောကြားသည်။

**အတွေ့အကြုံ**

စတုတ္ထအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအတွေ့အကြုံများကို ဗဟိုဦးစီးအဖွဲ့ဝင် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ရှင်းလင်းတင်ပြပြီး မြို့နယ်၏ ၂၀၀၈ ခုနှစ် လုပ်ငန်းဆိုင်ရာ အစည်းအဝေးသို့ တင်သွင်းကာ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဦးညွန့်လှိုင် (မောင်ညွန့်လှိုင်)က ဖတ်ကြားတင်ပြရာ အဖွဲ့ဝင်များကဆွေးနွေးထောက်ခံအတည်ပြုကြသည်။

**ကန်တော့**

ထို့နောက် ဒုတိယအကြိမ် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲကျင်းပရာ အသက် ၇၂နှစ်နှင့် အထက် စာရေးဆရာ ဆရာမကြီး ၁၅ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ကန်တော့ခဲ့ကြသည်။

**(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**



ရန်ကင်းမြို့နယ် ပါရမီ ကုံ့ကော်မြိုင်လမ်းသွယ်(၂) အမှတ် ၁၀နေ ဒေါက်တာအောင်ဇေယျာမြင့်၊ (ဗိုလ်ကြီး ဒေါ်မာမာဝေ)တို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ ငွေကျပ် ၁၃သိန်းတန်ဖိုးရှိ ဆေးဝါးများလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူးဦးထွန်းအေး လက်ခံယူစဉ်။(ကင်ဆာဖောင်ဒေးရှင်း)



## အထွေထွေရောဂါကုဆေးရုံကြီး

ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခုတင်(၂၀၀)ဆံ့ ခေတ်မီ အထွေထွေရောဂါကုဆေးရုံကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၀၈ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးမြေဧရိယာ | ဧက | ၁၀၃၆၆၀၂ | ၃၇၃၈၂၅၉ | ၂၇၀၁၆၅၇ |
| ၂ | ဆည်တမံ | ခု | ၃၈၃ | ၅၀၄ | ၁၂၁ |
| ၃ | မြစ်ရေတင်လုပ်ငန်း | ခု | - | ၆ | ၆ |
| ၄ | ကြိုးဝိုင်းတော | စတုရန်းမိုင် | ၂၁၉၂·၉၆ | ၉၈၀၄·၈၂ | ၇၆၁၁·၈၆ |
| ၅ | ကြိုးပြင်ကာကွယ်တော | စတုရန်းမိုင် | - | ၅၁၃·၇၀ | ၅၁၃·၇၀ |
| ၆ | ရထားလမ်း | မိုင် | ၁၈၀·၃၈ | ၅၀၇·၆၇ | ၃၂၇·၂၉ |
| ၇ | ကားလမ်း | မိုင်/ဖာလုံ | ၃၅၉၆·၇ | ၇၅၀၃·၃ | ၃၉၀၆·၆ |
| | | | | ၁၄·၈၄ | ၁၂·၈၄ |
| ၈ | ပေ ၁၈၀အထက်တံတား | စင်း | ၂၈ | ၄၄ | ၁၆ |
| ၉ | စာတိုက်စခန်း | ခု | ၈၈ | ၁၆၀ | ၇၂ |
| ၁၀ | ကြေးနန်းရုံး | ရုံး | ၃၁ | ၈၈ | ၅၇ |
| ၁၁ | တယ်လီဖုန်းရုံး | ရုံး | ၂၇ | ၁၀၆ | ၇၉ |
| ၁၂ | မိုက္ကရိုဝေ့ဗ်စခန်း | ခု | - | ၄၄ | ၄၄ |
| ၁၃ | ရေအားလျှပ်စစ်စက်ရုံ | ရုံ | ၁ | ၁၉၄၅ | ၁၉၄၄ |
| ၁၄ | ပုဂ္ဂလိကစက်ရုံ | ရုံ | ၆၃၁ | ၃၇၄၆ | ၃၁၁၅ |
| ၁၅ | အခြေခံပညာကျောင်း | ကျောင်း | ၃၆၅၂ | ၄၈၈၃ | ၁၂၃၁ |
| ၁၆ | တက္ကသိုလ်/ကောလိပ် | ခု | ၂ | ၅ | ၃ |
| ၁၇ | နည်းပညာတက္ကသိုလ် | ခု | - | ၄ | ၄ |
| ၁၈ | ကွန်ပျူတာတက္ကသိုလ် | ခု | - | ၄ | ၄ |
| ၁၉ | ဆေးရုံ | ရုံ | ၈၆ | ၁၃၈ | ၅၂ |



စိုက်ပျိုးမြေဧက ၂၆၀၀ အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်ရှိ မုံးရင် ရေလှောင်တမံ။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## မြန်မာ့မီးရထား

ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းပိုင်းတွင် ကူးသန်းသွားလာရေးအတွက် အထောက်အကူပြုနေသော မြန်မာ့မီးရထား....။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု



# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ အခမ်းအနားများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဖိတ်ကြားရေး ဆပ်ကော်မတီ၊ ကြိုဆိုပင့်ဆောင်ရေးနှင့်နေရာချထားရေးဆပ်ကော်မတီ၊ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ စီစဉ်ရေးဆပ်ကော်မတီ၊ အခမ်းအနားသို့ သံဃာတော်များပင့်ဆောင်ရေးဆပ်ကော်မတီနှင့် သာသနာ့ဗိမာန်တော်ကြီးအတွင်း ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ တာဝန်ရှိသူများနှင့် အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်တို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး သာသနာတော်ဆိုင်ရာ အခမ်းအနားများကျင်းပရေးကော်မတီ အဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မိုဘိုင်းလ်ဖုန်းပေါ်တွင် မြန်မာပြက္ခဒိန် ဖော်ပြထားမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

● *ကျော်ဖုန်းမှ*

မြန်မာအင်ဖိုတက်ပင်မအဆောက်အအုံတွင်း၌ ဂိမ်းပြိုင်ပွဲများ၊ အိုင်တီအရောင်းပြခန်းများ၊ လာရောက်ကြည့်ရှုလေ့လာကြသည့် လူငယ်များဖြင့် ပြည့်ကျပ်လျက်ရှိနေသည်။ ပြခန်းတိုင်းတွင် အိုင်တီနည်းပညာသုံး ပစ္စည်းအမျိုးအမည်သစ်များ ခင်းကျင်းပြသထားရာ ဒီဇိုင်းမျိုးစုံစွာ တွေ့ရှိရသည်။ ထို့အတူ ဂိမ်းပြိုင်ပွဲ ကျင်းပရာခန်းမအတွင်း၌ ဂိမ်းပြိုင်ပွဲဝင် လူငယ်များဖြင့် ပြည့်ကျပ်နေသည်ကိုတွေ့မြင်ရသည်။

ယခုကျင်းပသည့် သတင်းအချက်အလက်နှင့်နည်းပညာပြပွဲ ၂၀၀၉ တွင် အိုင်တီကုမ္ပဏီပေါင်း ၇၅ ခုက ပြခန်းပေါင်း ၁၄၇ ခန်း ပြသထားကြောင်း၊ မြန်မာလူငယ်များအနေဖြင့် ဆန်းသစ်စွာ ထွက်ပေါ်နေသော အိုင်တီနည်းပညာသုံး ပစ္စည်းများကို လက်တွေ့လေ့လာနိုင်ရန်နှင့် သုံးစွဲနိုင်ရန် ဖြစ်ကြောင်း မြန်မာအင်ဖိုတက်မှ အထွေထွေမန်နေဂျာ ဦးစိန်ဝင်းက ရှင်းပြသည်။

**ခင်းကျင်းပြသ**

ယခုကျင်းပသည့် အိုင်တီနည်းပညာပြပွဲတွင် ဆော့ဖ်ဝဲလ်ကုမ္ပဏီများ၊ ဟတ်ဒ်ဝဲကုမ္ပဏီများအပြင် အခြားအရောင်းကုမ္ပဏီများမှ အိုင်တီနည်းပညာသုံးပစ္စည်းများကို ခင်းကျင်းပြသကြခြင်းဖြစ်သည်။

**အသွင်အပြင်**

သစ်လွင်ဆန်းသစ်သောပြခန်း အသွင်အပြင်များဖြင့် အပြိုင်အဆိုင်ခင်းကျင်းပြသထားသော အိုင်တီပစ္စည်းပြခန်းများအနက် LuckyBird ပြခန်းတွင်း ဝင်ရောက်လေ့လာရာ တိုရှီဘာနတ်ဘွတ်များ၊ ပရိုဂျက်စတာများ၊ မာလ်တီဖန်ရှင်များသုံးထားသည့် တိုရှီဘာမိတ္တူ ကူးစက်များ၊ အခြားကွန်ပျူတာဆက်စပ် ပစ္စည်းပေါင်း ၂၀၀ ကျော်အား ခင်းကျင်း ပြသထားသည်ကို တွေ့ရသည်။ အထူးသဖြင့် မာလ်တီဖန်ရှင်မိတ္တူကူးစက်များနှင့် ကြိုးမဲ့စနစ် အသုံးပြုနိုင်သည့် ပရိုဂျက်တာများမှာ နောက်ဆုံးပေါ် နည်းပညာသုံး ထုတ်ကုန်ပစ္စည်းများဖြစ်သည်။ နောက်ဆုံးထုတ် တိုရှီဘာနတ်ဘွတ်များမှာ ရေလောင်းခံ၊ အကြမ်းခံနိုင်သည်ဖြစ်ရာ နည်းပညာဆန်းသစ်မှုများကို မြင်တွေ့ရသည်။ ပြခန်းအတွင်း လေ့လာကြည့်ရှုနေသော လူငယ်များကား တိုးတိုးဝှေ့ဝှေ့ဖြင့် လေ့လာနေကြသည်။

**စိတ်ဝင်စားဖွယ်**

ထို့နောက် ပြခန်းများကို ဆက်လက်ကြည့်ရှု လေ့လာနေရာမှ Asus ပြခန်းအတွင်း ဝင်ရောက်ကာ ပြသထားသည့် အိုင်တီနည်းပညာသုံးပစ္စည်းများကို လေ့လာရာ ပြခန်းရှေ့တွင် မော်ဒယ်လေးများက စိတ်ဝင်စားဖွယ်မေးခွန်းများမေးပြီး လက်ဆောင်ပစ္စည်းများပေးနေသည်ကို တွေ့ရသည်။ ပြခန်းအတွင်း၌ Asus အမှတ်တံဆိပ်နတ်ဘွတ်များ၊ မာလ်တီမီဒီယာဂိမ်းတွင် စွမ်းဆောင်ရည်မြင့်မားသော G-70 နတ်ဘွတ်များ၊ 3 way SL i၊3D ဂရပ်ဖစ်များကိုလည်း ပြသထားသည်။ ထို့အပြင် Rampage 11 Extreme mother-board များကိုလည်း ပြသထားသလို 3D ကားပြိုင်ပွဲကိုလည်း ပြသထားသည်ကို တွေ့ရသည်။ ပြခန်းအတွင်း လူငယ်များက အိုင်တီ ထုတ်ကုန်ပစ္စည်းများကို စိတ်တိုင်းကျ လေ့လာနေကြသည်။

လူငယ်များအိုင်တီနည်းပညာအပေါ် စိတ်ဝင်စားမှုကို အံ့သြစွာ တွေ့မြင်ရသည်ဖြစ်ရာ လူငယ်များ စိတ်ဝင်စားစွာလေ့လာနေသော Sm³ပြခန်းကို ဝင်ရောက်လေ့လာရာ မိုဘိုင်းလ်ဖုန်းသုံး မြန်မာစာစနစ်ကို ပြသထားခြင်းဖြစ်ပြီး မြန်မာစာ Sms ပြခန်းဖြစ်သည်။ မိုလ်ဘိုင်းသုံး မြန်မာစနစ်ကို ပြသထားခြင်းဖြစ်ပြီး မြန်မာစာ Sm³ ပို့သည့်စနစ်ကိုတွေ့မြင်ရသည်။ တစ်ဖန် လိပ်စာနှင့်မှတ်တမ်းများ မှတ်ယူသည့်စနစ်၊ မိုဘိုင်းလ်ဖုန်းပေါ်တွင် မြန်မာပြက္ခဒိန်၊ မင်္ဂလာအခါပေးဗေဒင် ပြက္ခဒိန်များ၊ စံနှုန်းပြောင်းလဲမှု စနစ်များကို ခင်းကျင်းပြသထားသည်။ မိုဘိုင်းလ်ဖုန်းပေါ်၌ အသုံးပြုသည့် ဆော့ဖ်ဝဲလ်များကို ပြသကာ ဝန်ဆောင်မှုပေးနေသည်ကို တွေ့ရသည်။

**ချိတ်ဆက်အသုံးပြု**

ထို့အပြင် RED LINK WI MAX ပြခန်းတွင် ကြိုးမဲ့အင်တာနက်ဝန်ဆောင်မှု ပေးခြင်းများကို တွေ့ရသည်။ တယ်လီဖုန်း လိုင်းမလိုအပ်ဘဲ ကြိုးမဲ့အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်သည်ဖြစ်ရာ အသုံးပြုသူများအတွက် များစွာအဆင်ပြေသည်ကို တွေ့ရသည်။ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကြိုးမဲ့အင်တာနက် ချိတ်ဆက်အသုံးပြုလိုသူများအတွက် ဆန္ဒပြည့်ဝစေမည်ဖြစ်သည်။

တစ်ဖန် i Com ကွန်ပျူတာပြခန်းတွင်လည်း ကွန်ပျူတာများ၊ ပီစီကွန်ပျူတာများ၊ လက်တော့ပ်များနှင့်အခြားဆက်စပ်ပစ္စည်း ၁၀၀ ကျော်ခင်းကျင်းပြသထားသလို မားသားဘုတ်များကို အထူးနှုန်းထားဖြင့် သုံးစွဲသူအကြိုက် ရောင်းပေးလျက်ရှိသည်။

**ဆက်စပ်ပစ္စည်း**

ထို့အတူ Technoland ပြခန်းတွင်လည်း လက်တော့ပ်၊ ဒစ်ဂျစ်တယ်ကင်မရာ၊ ဗီဒီယိုကင်မရာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ပြသထားသည်ဖြစ်ရာ အိုင်တီကို စိတ်ဝင်စားသည့်လူငယ်များ စိတ်တိုင်းကျ လေ့လာခွင့်ရရှိမည့် ပြပွဲတစ်ရပ်လည်း ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

**(မြန်မာ့အလင်း)**



**ဂရပ်ဖစ်**

**Asus ပြခန်း၌ ပြသထားသော ဂရပ်ဖစ်ကတ်သုံးခုပါရှိသည့် 3 Way Sli 3D ဂရပ်ဖစ်ကို ဤသို့ တွေ့ရသည်။**
(မြန်မာ့အလင်း)

# မြို့နယ်များတွင် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြား



**အင်းစိန်မြို့နယ်။** (ခရိုင် ပြန်/ဆက်)



**လှိုင်သာယာမြို့နယ်။** (ဝ၉၇)



**မြောက်ဥက္ကလာပမြို့နယ်။** (မြို့နယ် ပြန်/ဆက်)



**အလုံမြို့နယ်။** (မြန်မာ့အလင်း)



**သန်လျင်မြို့နယ်။** (ခရိုင် ပြန်/ဆက်)



**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။** (မြန်မာ့အလင်း)

14-2 (07).pmd 1 2/14/2009, 2:30 AM

*✳ ရှေ့ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် လွိုင်ကော်မြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာပြီး နံနက်၁၀နာရီခွဲတွင် လောပိတကျေးရွာသို့ ရောက်ရှိရာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

## လုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ဘီလူးချောင်းရေအားလျှပ်စစ် စီမံကိန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ယခုဆောင်ရွက်လျက်ရှိသည့် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း၏ အဓိကလုပ်ငန်း(၆)ရပ်၏ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လုပ်ငန်းခွင်အတွင်း အသုံးပြုလျက်ရှိသည့် စက်ယန္တရားများအခြေအနေနှင့် ဝန်ထမ်းအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စိန်လွန်ဖြင့် တွင်းတူးစမ်းသပ် ဖော်ထုတ်ထားသည့် ကျောက်သားနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘီလူးချောင်း အမှတ်(၂) လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## စံချိန်စံညွှန်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ကိုင်ရမည့် လုပ်ငန်းပမာဏများအလိုက် စံချိန်စံညွှန်းမီစွာ လုပ်ကိုင်ရေး၊ သတ်မှတ်ချိန်ကာလထက်စော၍ ပြီးစီးရန် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လုပ်ငန်းများလုပ်ကိုင်ရေးအတွက် လိုအပ်သည့် စက်ယန္တရားများနှင့်ပစ္စည်းများ ပြည့်ပြည့်စုံစုံ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်အနီး ခင်းကျင်းပြသထားသည့် ရေသွယ်ဥမင် လိုဏ်တူးမည့် လမ်းကြောင်းတစ်လျှောက်ရှိ ကျောက်သားများ၏ အခြေအနေကိုသိရှိနိုင်ရန် စိန်လွန်ဖြင့် တွင်းတူးစမ်းသပ် ဖော်ထုတ်ထားသည့် ကျောက်သားနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရေသွယ်ဥမင်လိုဏ်နှင့် ဆက်သွယ်မည့် ချဉ်းကပ်ဥမင် အမှတ်(၂) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေသွယ်ဥမင်လိုဏ်အပြင်နံရံများအား Shot Crete ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

## ဖြန့်ဖြူးပေးနိုင်

အဆိုပါ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ် စီမံကိန်းသည် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ ဘီလူးချောင်းနှင့် ပွန်ချောင်းတို့ဆုံသည့်နေရာတွင်တည်ရှိပြီး သံကူကွန်ကရစ် Ogee ပုံသဏ္ဍာန်ရေလွှဲဆည်၊ ရေသွယ်ဥမင်လိုဏ် အမျိုးအစားဖြစ်သည်။ စီမံကိန်း၏ ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးပါက ၂၄ မဂ္ဂါဝပ်ရှိ တပ်ဆင်စက်အင်အား နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား တစ်နှစ်ပျမ်းမျှ ၃၃၄ ကီလိုဝပ်နာရီသန်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘီလူးချောင်း အမှတ်(၂) လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

## မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံထိန်းချုပ်ခန်းအတွင်း ဓာတ်အားစက်များဖြင့် စဉ်ဆက်မပြတ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုနှင့် စက်ခန်းအတွင်း တာဘိုင်ဂျင်နရေတာများ လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

## ကြိုဆို

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာ အုပ်စု(၃)မိုင် ပကြဲကျေးရွာသို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၃)မိုင် ပကြဲကျေးရွာရှိ ဦးရှားရယ်၏ နေအိမ်၌ သဘာဝစွန့်ပစ်ပစ္စည်းသုံး၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး ထမင်း၊ ဟင်းချက်ပြုတ်နေမှု၊ နှစ်ပေမီးချောင်း ၁၅ချောင်းအား မီးပေးနိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

## စည်းရုံးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှ ရရှိသည့် ဇီဝစွမ်းအင်ကို အသုံးပြု၍ ထမင်း၊ ဟင်းချက်ပြုတ်ရုံသာမက လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ ထွက်ရှိလာသော ဇီဝရည်ကို သဘာဝဇီဝမြေဩဇာအဖြစ်အသုံးပြုနိုင်ခြင်းတို့ကြောင့် လူနေမှုအဆင့်မြင့်မားစွာနေထိုင်နိုင်ပြီး ဝင်ငွေတိုးတက်စေသဖြင့် အိမ်တိုင်း ဇီဝဓာတ်ငွေ့ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန်နှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

---

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

# လွိုင်လင်မြို့တွင်ညအပူချိန် ၁ဒီဂရီစင်တီဂရိတ်ရှိ ပင်လောင်း၊ ဟဲဟိုးနှင့် ဟားခါးတို့၌ ၅ဒီဂရီစင်တီဂရိတ်စီရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ဖေဖော်ဝါရီ၁၄ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာမည်ဖြစ်သည်။**

ဖေဖော်ဝါရီ၁၄ရက် **(ယနေ့)**နေပြည်တော်နှင့်မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

ဖေဖော်ဝါရီ၁၃ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

## လျော့နည်း

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန် တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက်၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၅ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြစ်ကြီးနားမြို့တွင် ၀ဒသမ၀၄လက်မ ဖြစ်သည်။

## တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်၏ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

## တစ်ခုတည်းသော အလံတော်အောက်မှာ

❖ မြန်မာ့မြေတွင်….
ရွှေစင်ကျောက်မြတ်၊ ရေနံဓာတ်တို့
မပြတ်မလပ် ပေါကြွယ်ထပ်၏။

❖ မြန်မာ့မြေကား….
စပါးပဲနှမ်း၊ ဝါဂွမ်းကျွန်းသစ်
ဖြစ်ထွန်းပေါက်ရောက် စံတင်လောက်၏။

❖ မြန်မာ့မြေတွင်….
မြသွင်စိမ်းလန်း၊ တောတောင်တန်းတွေ
တင့်ဆန်းလှပ ဝေနေကြ၏။

❖ မြန်မာ့မြေတွင်….
ကြည်လင်အေးမြ၊ မြစ်မဆည်မြောင်း
ကန်ချောင်းရေနှင့် တင့်တယ်လှ၏။

❖ မြန်မာ့မြေတွင်….
သွင်ဟန်ထည်ဝါ၊ ဂုဏ်မြောက်စွာသော
လက်ရာမြတ်မွန်၊ အနုဟန်ဖြင့်
ကျောင်းကန်ဘုရား၊ စေတီများမှာ
တရားသံတွေ ဝေနေ၏။

❖ မြန်မာ့မြေတွင်….
ကချင်ကယား၊ ကရင်များနှင့်
မခြားရှမ်းချင်း၊ ချစ်ရင်းနှီးစွာ
ဗမာမွန်များ၊ ရခိုင်သားတို့
အားသစ်ညီညာ၊ စဉ်မြဲသာမို့
သာယာငြိမ်းအေး၊ ဘေးရန်ဝေး၏။

❖ ပြည်ထောင်စု၏….
တစ်ခုတည်းရှိ၊ အမိနိုင်ငံ
အလံတော်အောက်၊ ဝင်ရောက်ပေါင်းစည်း
သွေးနီးချစ်ကြည်၊ ပြည်ထောင်စုဖွား
တိုင်းရင်းသားတို့၊ နီးကြားတက်ကြွ
ဆောင်ရွက်ကြ၍၊ မြန်မာ့မြေသည်
ဝေစည်မဆုံး၊ လှရည်ဖုံးကာ
အပြုံးဝေလျှမ်း၊ ပန်းတွေလန်း၏။ ။

အောင်ဘုန်းဝေ

## ဖြည်းဖြည်းချင်းစီးဆင်းနေသောရေအားမှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ပြီ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက် စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

**ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့အပြင် မြစ်ချောင်းများတွင် ဖြည်းဖြည်းချင်းစီးဆင်းနေသောရေမှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်တော့မည် ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။**

### အဓိကထား

ယခင်က ရေစီးသန်သောမြစ်ချောင်းများ၊ ရေတံခွန်များ၊ ရေလှိုင်းနှင့် ပင်လယ်ဒီရေတို့အားများမှ လျှပ်စစ်ဓာတ်အားထုတ်ယူခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ ဓာတ်အားထုတ်ယူခြင်းမှာ ရေစီးဆင်းမှုအားကို အဓိကထားယူကာ ဓာတ်အားထုတ်ယူခဲ့ကြခြင်းဖြစ်သည်။

### တီထွင်ခဲ့ကြ

ယခုနည်းမှာ ရေအနည်းငယ်သာ စီးဆင်းနေသော မြစ်ချောင်းများမှ ရေ၏အားကို တိုက်ရိုက်ရယူကာ ဓာတ်အားထုတ်ယူခြင်းဖြစ်သည်။ ထိုသို့ထုတ်ယူနိုင်သည့် နည်းစနစ်ကို အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ်မှ အင်ဂျင်နီယာများက ငါးတစ်ကောင်၏ ရေထဲတွင် ကူးခတ်သွားလာနေသော ဖြစ်ရပ်ကို အခြေခံပြီး တီထွင်ခဲ့ကြခြင်း ဖြစ်သည်။



### ဓာတ်အားထုတ်ယူ

ထိုသို့ ဖြည်းဖြည်းချင်း စီးဆင်းနေသောရေကို ပိုမိုစွမ်းအားပြည့်အောင် ဖြည့်ဆည်းပေးနိုင်သည့် ဗီဗာစီအမည်ရှိ ရေစွမ်းအားမြှင့်စက်ကို တီထွင်ထားပြီဖြစ်သည်။ ဗီဗာစီစက်သည် ဖြည်းဖြည်းချင်းစီးဆင်းနေသော ရေအားဖြင့်လည်ပတ်နိုင်ပြီးဂျင်နရေတာများကို ဆက်လက် လည်ပတ်စေကာ ဓာတ်အားထုတ်ယူခြင်းပင် ဖြစ်သည်။

### ပြောကြား

ကမ္ဘာ့ပင်လယ်နှင့်သမုဒ္ဒရာများအပြင် မြစ်၊ ချောင်းများ၏ ရေစီးဆင်းနှုန်းမှာ တစ်နာရီပျမ်းမျှနှစ်မိုင်နှုန်းသာရှိသည်။ သို့သော် ယခုနှစ်ပိုင်းများတွင်တစ်နာရီလျှင် ရေစီးနှုန်း သုံးမိုင်အထိ ရှိလာခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

### လိုအပ်

တာဘိုင်များနှင့်ရေအားအသုံးပြုစက်များ၏လည်ပတ်မောင်းနှင်နိုင်မှုအပြင် ဓာတ်အားထုတ်ယူနိုင်သည်အထိ ရေစီးနှုန်းအားမှာ တစ်နာရီလျှင် ငါးမိုင်သို့မဟုတ် ခြောက်မိုင်အထိရှိရန် လိုအပ်ကြောင်း သိရသည်။

ထိုသို့လိုအပ်သော ရေစီးနှုန်းကို ဗီဗာစီစက်၏ စွမ်းအားဖြင့် ဖြည့်ဆည်းပေးနိုင်သည်ဖြစ်ရာ ရေစီးနှုန်း အလွန်နှေးကွေးသော မြစ်ချောင်းများတွင် နေရာအနှံ့အပြား ဓာတ်အားထုတ်ယူနိုင်တော့မည်ဖြစ်သည်။ ဗီဗာစီစက်နှစ်လုံး၏ စွမ်းအားသည် အိမ် ၁၀၀၀၀ ခန့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

### အသုံးဝင်

ယခုကဲ့သို့ ဓာတ်အားထုတ်လုပ်မှုသည် တစ်ကီလိုဝပ် နာရီတိုင်း ကုန်ကျငွေအဖြစ် ၅ ဒသမ ၅ ဆင့်သာကုန်ကျသည်။ ထို့အတူ လေစွမ်းအင်မှ ဓာတ်အားထုတ်ယူမှုမှာ တစ်ကီလိုဝပ်နာရီလျှင် အမေရိကန်ငွေ ၆ ဒသမ ၉ဆင့် ကုန်ကျပြီး နျူကလီးယားစွမ်းအင်ကို သုံးစွဲပါက တစ်ကီလိုဝပ်နာရီလျှင် ၄ ဒသမ ၆ဆင့်၊ နေရောင်စွမ်းအင် ကုန်ကျငွေမှာ တစ်ကီလိုဝပ်နာရီလျှင် ၁၆ ဆင့်နှင့် ၄၈ ဆင့်ကြား ကုန်ကျမည်ဖြစ်ရာ ယခုနည်းစနစ်သည် ကုန်ကျငွေသက်သာပြီး လက်တွေ့ထိရောက် အသုံးဝင်သော ဓာတ်အားထုတ်ယူနည်းပင်ဖြစ်သည်။ ။

(အင်တာနက်)

## မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

### ရန်ကုန်-မန္တလေး ဈေးသဘော်ထွက်မည်

*ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ဈေးသဘော်ခေါက်ရေ(၁) မြစ်ရောရေယာဉ်သည် ရန်ကုန်မြို့ ဝါးတန်းအမှတ်(၂) ဆိပ်ခံတံတားမှ မန္တလေးမြို့သို့ ဖေဖော်ဝါရီ ၁၉ရက်(ကြာသပတေးနေ့)တွင် ထွက်ခွာမည်ဖြစ်ရာ ကုန်တင်ဆောင် ရောင်းချလိုသူများ ဖုန်း-၂၉၂၁၉၉နှင့် ၂၉၂၃၁၉ တို့သို့ ဆက်သွယ်နိုင်သည်။*

### အထက ကျောက်တံတား အာစရိယပူဇော်ပွဲ

***အထက ကျောက်တံတား ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၁ရက် နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုသူများသည် ဖုန်း-၃၈၄၆၄၃နှင့် ၇၂၇၈၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။***

### ရန်ပုံငွေစာအုပ် ဈေးရောင်းပွဲတော် ကျင်းပမည်

လေဘေးသင့်ဒေသများရှိ စာကြည့်တိုက်များ၊ စာသင်ကျောင်းများ ပြန်လည်ထူထောင်ရာတွင် လိုအပ်သောစာအုပ်များ လှူဒါန်းနိုင်ရန်အတွက် Myanmar Book Centre ၏ ပထမအကြိမ် ရန်ပုံငွေစာအုပ်ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၈ရက်မှ ၂၂ရက်အထိ နံနက်၉နာရီမှ ညနေ၆နာရီအတွင်း ဗဟိုလမ်းနှင့် အလုံလမ်းထောင့်ရှိ နန္ဒာဝန်ခြံတွင် ကျင်းပမည်ဖြစ်ပြီး စာအုပ်မျိုးစုံကို ဈေးချိုသာစွာ ရောင်းချပေးမည်ဖြစ်သည်။

### Yangon Expo 2009 ကုန်စည်ပြပွဲ ကျင်းပမည်

***နိုင်ငံတကာအဆင့်မီ ကုန်စည်များခင်းကျင်းပြသမည့် Yangon Expo 2009 ကုန်စည်ပြပွဲကို ဖေဖော်ဝါရီ၂၇ရက်မှ မတ်၂ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၉၅၁-၆၆၃၇၃၉၊ ၀၉-၅၀-၁၄၇၀၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။***

### အမ်ဘီအေဘွဲ့ရများ ပြန်လည်ဆုံစည်းပွဲ

*ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အမ်ဘီအေသင်တန်း စတင်ခဲ့သည့် ၁၉၈၅ ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း နေ့/ညသင်တန်းအသီးသီးမှ ဘွဲ့ရရှိခဲ့သူများ၏ ပြန်လည်ဆုံစည်းခြင်း အထိမ်းအမှတ်ပွဲကို ဖေဖော်ဝါရီ၂၂ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီရမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အမ်ဘီအေဘွဲ့ရသူများ ဂေါက်ရိုက်ပြိုင်ပွဲကို ဒဂုံဂေါက်ကွင်းတွင် ဖေဖော်ဝါရီ ၁၅ရက်၌ ကျင်းပမည်ဖြစ်သည်။*

### တက္ကသိုလ်များ သမိုင်းကျောင်းသားမြတ်ဆရာပူဇော်ပွဲ

*၁၉၆၄-၁၉၆၅မှ ၂၀၀၇-၂၀၀၈တက္ကသိုလ်များ သမိုင်းကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကမ္ဘာအေးဘုရားလမ်း ရွှေဂုံတိုင်ရှိ Excel Treasure ဟိုတယ်(၁၀ထပ်)၌ ကျင်းပမည် ဖြစ်သည်။*

### ပထဝီဆိုင်ရာ သတင်းအချက်အလက် သင်တန်းပို့ချမည်

*သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)နှင့် Myanmar Credent Technology တို့ပူးပေါင်းစီစဉ်မှုဖြင့် ပထဝီဆိုင်ရာ သတင်းအချက်အလက် အသုံးချပုံစနစ် သင်တန်းကို လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ e-Learning Centre တွင် အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ညနေ၅နာရီမှ ၆နာရီခွဲအထိ ဖေဖော်ဝါရီ ၂၄ရက်မှ မေ ၃ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်သည်။*

### ဖက်ရှင်ပညာရပ် ဆွေးနွေးဟောပြောပွဲ

***ဖက်ရှင်သစ်ဒီဇိုင်နာ သင်တန်းကျောင်းကစီစဉ်သည့် ဖက်ရှင်ဒီဇိုင်းပညာနှင့် စပ်လျဉ်းသော ဆွေးနွေးဟောပြောပွဲကို အဆိုပါသင်တန်းကျောင်းရှိရာ အမှတ် ၁၄ ခေမာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၇၀၆၇၃၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။***

### စက်မှုကုန်ထုတ်လုပ်သူများအသင်း နှစ်ပတ်လည်အစည်းအဝေး

*မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၅)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲကို UMFCCI Office Tower မင်္ဂလာခန်းမ အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ဖေဖော်ဝါရီ၁၄ရက်(**ယနေ့**) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ ။*

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

## (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ည ၇နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ပြဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ အရာထမ်းများ၊ အမှုထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

### ဖျော်ဖြေ

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ "အလှဖြာဝေပုပ္ပားမြေ" နှင့် "ပြည်ထောင်စုမင်္ဂလာပါ" သီချင်းများဖြင့် လည်းကောင်း၊ ကချင်တိုင်းရင်းသားတိုင်းရင်းသူများက "စည်းလုံးညီညွတ်သော ပြည်ထောင်စု" သီချင်းဖြင့် လည်းကောင်း၊ ကယားတိုင်းရင်းသား တိုင်းရင်းသူများက "မြင့်မြတ်သော ပြည်ထောင်စု" သီချင်းဖြင့် လည်းကောင်း၊ ကရင်တိုင်းရင်းသားတိုင်းရင်းသူများက "ပြည့်ဖြိုးဝေစည် ဒို့မြန်ပြည်" သီချင်းဖြင့် လည်းကောင်း၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများက "ပြည်ထောင်စုရဲ့နှလုံးသား" သီချင်းဖြင့် လည်းကောင်း၊ မွန်တိုင်းရင်းသား တိုင်းရင်းသူများက "ပြည်ထောင်စု၏ ပန်းပွင့်ချပ်များ" သီချင်းဖြင့် လည်းကောင်း၊ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများက "လှပေါင်းစုံညီ ရခိုင်မြေ" သီချင်းဖြင့် လည်းကောင်း၊ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများက "ဦးတည်ချက်ဆီ တွဲလက်ညီ" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းရင်းသား တိုင်းရင်းသူများက "တနင်္သာရီမြေကို လာလည်ပါအဆွေ" သီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ တေးသံရှင်များဖြစ်ကြသော ရွှေယမင်းဦး၊ အယ်လ်ဆိုင်းဇီ၊ စောမင်းနောင်၊ ရဲထိုက်၊ တင်အောင်ဝင်းနှင့် မျိုးဆွေသန့်တို့က မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

### ကပြဖျော်ဖြေ

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မင်းသမီးစန်းစန်းနု ခေါင်းဆောင်သောရွှေမြန်မာ အငြိမ့်အဖွဲ့က ရွှာစားဦးစံရှင်ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ကပြဖျော်ဖြေကြသည်။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၄ရက်အထိ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကိုခရိုင်အတွင်းရှိ မြို့နယ်အားလုံး၌ ဆောင်ရွက်နိုင်ခဲ့သဖြင့် ခရိုင်ဦးစီးဌာနမှူး ဦးဝင်းမြင့်အား ဖေဖော်ဝါရီ၄ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** (ခရိုင် ပြန်/ဆက်)

## မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

### နယူးယောက်မြို့ မြောက်ပိုင်း၌ လေယာဉ်ပျက်ကျ မြေပြင်မှတစ်ဦးအပါအဝင် စုစုပေါင်း ၄၉ဦးသေဆုံး

နယူးယောက် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မြောက်ပိုင်း ဘတ်ဖလိုးမြို့ နီရာဂါရာ နိုင်ငံတကာလေဆိပ်အနီးတွင် ဖေဖော်ဝါရီ ၁၂ရက် ဒေသစံတော်ချိန် ည ၁၀နာရီ မိနစ် ၂၀ခန့်က ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ စုစုပေါင်း ၄၉ဦး သေဆုံးခဲ့ကြောင်း အမေရိကန်လေကြောင်း အရာရှိများက ပြောကြားသည်။



### ပျက်ကျ

အဆိုပါ လေယာဉ်သည် ခရီးသည် ၄၄ဦးနှင့် လေယာဉ်အမှုထမ်း လေးဦးတို့ကို တင်ဆောင်ကာ နယူးဂျာစီမြို့ နေဝပ်ခ်လေဆိပ်မှ ဘတ်ဖလိုးမြို့သို့ ပျံသန်းလာစဉ် ဘတ်ဖလိုးမြို့ နီရာဂါရာ နိုင်ငံတကာလေဆိပ်မှ ငါးမိုင်ခန့်အကွာ၌ ပျက်ကျခဲ့ပြီး နေအိမ်တစ်အိမ်ပေါ်သို့ ကျရောက်ကာ မီးလောင်ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

### ဆီးနှင်းကျဆင်း

ထိုသို့ လေယာဉ်ပျက်ကျခဲ့မှုကြောင့် မြေပြင်၌ လူတစ်ဦးသေဆုံးခဲ့ပြီး နေအိမ်အချို့ မီးလောင်ခဲ့သည်။ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး အသေးစိတ် သတင်းမရသေးသော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်နိုင်ကြောင်း၊ လေယာဉ်ပျက်ကျချိန်၌ ဆီးနှင်းနှင့်မြူများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

# ရခိုင်ပြည်နယ်အတွက် ပြည်ထောင်စုနေ့ လက်ဆောင်မွန်

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ဘက်မျက်နှာစာဖြစ်ပါသည်။ ပင်လယ်ရေကြောင်း ကူးသန်းသွားလာရေး အချက်အချာ ဒေသလည်းဖြစ်ပါသည်။ ခရစ်နှစ် ၁၈ရာစုတွင် အနောက်မှ နယ်ချဲ့သမားများသည် ပင်လယ်ကူးရွက်သင်္ဘောများဖြင့် လက်နက်အားကိုးကာ နိုင်ငံများစွာကို ကျူးကျော်နယ်ချဲ့ကြစဉ်က ယင်းနယ်ချဲ့ ပင်လယ်ဓားပြများသည် ရခိုင်၊ တနင်္သာရီကဲ့သို့ ပင်လယ်ရေကြောင်း အချက်အချာ ဒေသများကို ဦးစွာ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့ပါသည်။ ၁၈၂၄ခုနှစ် အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ရခိုင်သည် သူ့ကျွန်ဘဝအစောဆုံး ရောက်ခဲ့ရပါသည်။

စာရေးသူ၏ ဘိုးဘွားတို့ပြောကြားချက်အရ အင်္ဂလိပ်တို့သည် ရခိုင်ကို သိမ်းယူပြီး ညဘက်ရခိုင်လူငယ်များ စုဝေးမိရာဆုံရပ်များသို့ ၎င်းနိုင်ငံခြားသားများလာရောက်ကာ လူငယ်များအားအရက်ပုလင်းများပေးပြီး သောက်တတ်အောင်သင်ပေးကာ ဖျက်ဆီးခဲ့သည်။ သူတို့ကြောင့် လူငယ်အများအပြား အရက်စွဲကုန်ကြသည်။ လူကြီးမိဘများက အရက်ဆိုင်များ ပိတ်ပေးရန်၊ လူငယ်များကို အရက်မရောင်းရန် ဝိုင်းဝန်းတောင်းဆိုခဲ့ကြရဖူးသည်။

ရခိုင်အပါအဝင် မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့သိမ်းပိုက် အုပ်စိုးရာတွင် ၎င်းတို့အခွန်အကောက် ကောက်ယူရေး၊ မြန်မာ့ထွက်ကုန်များ သယ်ထုတ်ယူရေးအတွက် လိုအပ်သလောက်သာ လမ်းဖောက်ခဲ့ကြသည်။ နယ်စွန်နယ်ဖျားဒေသများ၊ ပြည်နယ်/တိုင်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် လုပ်မပေးခဲ့ချေ။ မြန်မာနိုင်ငံ၏ ကြွယ်ဝလှသော ရေသယံဇာတ၊ မြေသယံဇာတများ၊ ထွက်ကုန်သီးနှံများကိုကား မြန်မာတို့ ဝမ်းစာပင် မကျန်အောင် သယ်ထုတ်ပြီး ယင်းနယ်ချဲ့တို့ ချမ်းသာကြွယ်ဝ သွားခဲ့ကြပုံများကို အဘိုးက တောက်တခေါက်ခေါက်ဖြင့် ပြောပြတတ်ပါသည်။

လွတ်လပ်ရေးရပြီးသည့်နောက် ရခိုင်အပါအဝင် ပြည်ထောင်စုကြီး တစ်ခုလုံးတွင် ရောင်စုံသောင်းကျန်းသူများ မင်းမူခဲ့ကြသည်။ ယင်းတို့တွင် နယ်ချဲ့သမား၏ သွေးခွဲသပ်လျှိုခံရသော လက်နက်ကိုင် ပုန်ကန်သူများလည်း ပါဝင်ခဲ့သည်။ ယင်းသောင်းကျန်းမှုကြောင့် တစ်နိုင်ငံလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ မလုပ်နိုင်ခဲ့။ စာရေးသူတို့ ရခိုင်တွင် အလံဖြူ၊ အလံနီ၊ ကွန်မြူနစ် သောင်းကျန်းသူများ၊ ပြည်ပက ခိုးဝင်လာသူများက ဖန်တီးသော မူဂျာဟစ် စသည့် သောင်းကျန်းသူများဒဏ်ကို ခံခဲ့ကြရသည်။ ပြည်ထောင်စုတစ်ခုလုံး သောင်းကျန်းမှုဒဏ်ကြောင့် ညီနောင်တိုင်းရင်းသားပြည်သူတို့ ပြေးလွှားရှောင်ပုန်းနေခဲ့ကြရသည်။ ဖွံ့ဖြိုးမှုကား ဝေးလေဝေး ဖြစ်ခဲ့ရသည်။

၁၉၈၈ခုနှစ်နှောင်းပိုင်းမှစပြီး တပ်မတော်က ပြည်ထောင်စုကြီးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းရေး၊ လမ်းပန်းလုံခြုံချောမွေ့ရေးကို ဦးစွာဆောင်ရွက်ပေးခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်ကို အမျိုးသားအကျိုးစီးပွား အလေးထားဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ကြိုးပမ်း စွမ်းဆောင်မှုများကြောင့် စာရေးသူတို့၏ တိုင်းရင်းသားပြည်သူများအတွက် ကြီးမြတ်သော ဆုလာဘ်ကြီးတစ်ခုကို ရရှိခံစားနိုင်ခဲ့သည်။ ထိုဆုလာဘ်ကြီးကား သောင်းကျန်းမှုချုပ်ငြိမ်းပြီး ပြည်ထောင်စုတစ်ခုလုံး ငြိမ်းချမ်းလာခဲ့ခြင်းပင် ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းလာသည်ကို ပြည်ထောင်စုသားအားလုံးက ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။

**ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကြောင့်ပင် ပြည်ထောင်စုကြီး တစ်ဟုန်ထိုးတိုးတက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။ ပြည်နယ်အစွန်အဖျား ဒေသများမှ သွေးချင်းသားချင်းတို့ ယခုဖွံ့ဖြိုးမှုရလဒ်၊ ငြိမ်းချမ်းရေးအရသာ ခံစားနိုင်ကြပြီ။ ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှုမှာ မြို့ကြီးပြကြီးများတွင်သာမဟုတ်၊ ပြည်နယ်/တိုင်းဒေသ၊ မြို့စုံ/နယ်စုံတို့မှာပါ တစ်ပြေးညီ တိုးတက်လာသည်။ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်များဖြင့် ကျေးရွာများမှာပါ ဖွံ့ဖြိုးတိုးတက်လာသည်။ လယ်ယာခွင်များ၌ စက်မှုလယ်ယာအသွင်သစ်သို့ ရောက်ရှိလာသည်။ စက်မှုဇုန်များ၌ ကုန်ထုတ်လုပ်မှုများ ခေတ်မီတိုးတက်လာသည်။ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင်လည်း တိုးတက်မှု အပေါင်းလက္ခဏာများ ဝေဝေစည်လာသည်။**

စာရေးသူတို့ ရခိုင်ပြည်နယ်သူ ပြည်နယ်သားများအတွက်လည်း ခေတ်အဆက်ဆက် မဖွံ့ဖြိုးနိုင်ခဲ့သော အခြေအနေကို ကျော်လွန်ကာ ဘက်ပေါင်းစုံ၌ တိုးတက်လာခဲ့သည်ကို စာရေးသူတို့ ကိုယ်တွေ့ဖြစ်ပါသည်။ ၂၀၀၉ခုနှစ် ဇန်နဝါရီလ ၂၄ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလာခဲ့သည်။ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များထံမှ ရခိုင်ပြည်နယ်အတွက် သတင်းကောင်းများ ကြားသိရသည်။

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၀၀၀ကျော် ကျယ်ဝန်းပြီး ခရိုင်လေးခရိုင်၊ မြို့နယ် ၁၇မြို့နယ်၊ လူဦးရေသုံးသန်းကျော် နေထိုင်လျက်ရှိသည်။ လူဦးရေသုံးသန်းတွင် တိုင်းရင်းသားပေါင်းစုံ ပါဝင်ပေသည်။ ပထဝီဝင်အနေအထားကလည်း တောင်တန်းကြီးများ၊ မြစ်ချောင်းများ၊ ပင်လယ်ပြင်

## ကျော်ဇံရွှေ

တို့ဖြင့် ပိုင်းခြားကန့်သတ်ထားသောကြောင့် တစ်ချိန်က ပြည်ထောင်စု၏ အခြားပြည်နယ်၊ တိုင်း၊ မြို့ရွာများနှင့် ကူးလူးဆက်ဆံသွားရန် လမ်းမသာခဲ့ပေ။ စာရေးသူတင်ပြခဲ့သည့်အတိုင်း တိုင်းတစ်ပါးနယ်ချဲ့တို့သည် ရခိုင်ပြည်နယ်ကို ၁၈၂၅ခုနှစ်မှ ၁၉၄၈ခုနှစ်အထိ ၁၂၃နှစ်ကြာ ဖိနှိပ်သွေးစုပ်သည့် အလုပ်ကိုသာ လုပ်ခဲ့ပြီး ပြည်နယ်ဒေသကောင်းကျိုး ဘာတစ်ခုမှ မယ်မယ်ရရ လုပ်မပေးခဲ့ပေ။

လွတ်လပ်ရေးရပြီးနောက်မှ ကမ်းရိုးတန်းသွား ပင်လယ်ကူးသင်္ဘောများဖြင့် ရခိုင်ပြည်နယ်နှင့်ရန်ကုန်မြို့တို့ အဆက်အသွယ်ရလာခဲ့သည်။ ကုန်းလမ်းခရီးကား ကြမ်းတမ်းခက်ခဲသဖြင့် ခရီးမတွင်ခဲ့ပေ။ နယ်ချဲ့သမားသည် တိုင်းရင်းသားချင်း သွေးကွဲစေရန် သပ်လျှိုခြင်း၊ တစ်ဖက်နိုင်ငံမှ လူမျိုးခြား၊ ဘာသာခြားများ ဥဒဟိုလွယ်လင့်တကူ ဝင်ထွက်နိုင်အောင် လမ်းဖွင့်ပေးခြင်းတို့ဖြင့် ဒေသတွင်း ကွဲအက်ရေး၊ ခွဲထွက်ရေးပြဿနာများကိုပင် ဖန်တီးပေးခဲ့သည်။ သမိုင်းပြောင်လှသော မြန်မာတိုင်းရင်းသားတို့က အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစွာ ရပ်တည်နိုင်ခဲ့မှုတို့ကြောင့်သာ ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုစည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် လွတ်လပ်ရေးကို သမိုင်းတစ်လျှောက် စောင့်ရှောက်ကာကွယ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပြည်တွင်းပြည်ပ အနှောင့်အယှက် အမျိုးမျိုးကြားမှ ယနေ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးရလဒ်များ ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ဇန်နဝါရီလ ၂၄ရက်နေ့က စစ်တွေတပ်နယ်ခန်းမတွင် နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားသည့်အတိုင်း ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရှေးပဝေသဏီကပင် ရခိုင်၊ ဗမာ၊ ပျူ၊ ကမ်းယံ၊ သက်စသည့် တိုင်းရင်းသားပေါင်းစုံ ဥမကွဲ သိုက်မပျက် စုပေါင်းနေထိုင်လာခဲ့သည့် ပြည်ထောင်စုကလေးတစ်ခုပင်ဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မြဲမြဲ ထားရှိမွေးမြူသွားကြရမည် ဖြစ်ပါသည်။ စာရေးသူတို့ ပြည်ထောင်စု တစ်မြေပေါ်အတူဖွားသည့် တိုင်းရင်းသားအားလုံးသည် သွေးရင်းသားရင်း မွေးချင်းများ ဖြစ်ပါသည်။

တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့သည့်နောက်ပိုင်း ရခိုင်ပြည်နယ်သည် ရှေးကကဲ့သို့ သီးခြားအထီးကျန် နေရသော ပြည်နယ်အဆင့်မျိုးမဟုတ်တော့ဘဲ သွားလမ်း၊ လာလမ်းပွင့်လာကာ ပြည်ထောင်စုကြီး၏ ကျန်အစိတ်အပိုင်းမြို့ရွာ၊ ပြည်နယ်၊ တိုင်းဒေသများနှင့် ပျားပန်းခပ်မျှ ဆက်သွယ်ကူးလူး ဆက်ဆံနိုင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုသားချင်း နီးကပ်စွာ ဆက်ဆံတွေ့ဆုံဖြစ်ကြခြင်းသည် တိုင်းရင်းသားချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် နားလည်မှုများ ပိုမိုခိုင်မာလာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အားဖြည့်နိုင်ပေသည်။

စာရေးသူတို့ ရခိုင်ပြည်နယ်သားများကို ပြည်ထောင်စုအနှံ့ ခရီးဆန့်ရာ၌ လွယ်ကူစေရန် နိုင်ငံတော်က ဖောက်လုပ်ဆောက်လုပ်ပေးသော လမ်းများ၊ တံတားများကား အခြားဒေသအားလုံးနှင့် ကွန်ရက်သဖွယ် ယှက်နွယ်ဆက်စပ်မိနေပြီ ဖြစ်ပါသည်။ တစ်ချိန်က အဘိုးတို့ အိပ်မက်ပင်မမက်ခဲ့၊ စိတ်ကူးပင် မယဉ်နိုင်ခဲ့သော လမ်းကြီးများ၊ တံတားကြီးများ ယနေ့ အသေအချာ ပေါ်ထွန်းလာခဲ့ပါပြီ။

ရန်ကုန်-စစ်တွေမော်တော်ကားလမ်းကို ၁၉၉၆ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်အသုံးပြုနိုင်ခဲ့သည်။ ရခိုင်ပြည်နယ်သို့ လမ်းဖောက်ရာတွင် မြေပြန့်လွင်ပြင်မျိုးတွင် ဖောက်ရသကဲ့သို့ မလွယ်ကူလှပေ။ နွံတောများ၊ မြစ်များ၊ ချောင်းများ၊ တောင်တန်းများကို ဖြတ်ကျော်ဖောက်လုပ်ရသည်။ ယင်း ရန်ကုန်-စစ်တွေ ကားလမ်းဖောက်ရာ၌ ပေ ၁၈၀အထက်တံတား ၂၇စင်း၊ ပေ ၁၈၀ အောက် တံတား ၁၀၆၇စင်း ဆောက်လုပ်ရသည်။ ဖောက်လုပ်ကုန်ကျငွေ စရိတ်မှာ သန်းပေါင်းထောင်ချီခဲ့သည်။

**ရခိုင်ပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်း ဆက်သွယ်သွားလာနိုင်ရန်နှင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့နှင့်ပါ ဆက်သွယ်နိုင်အောင် ရန်ကုန်-ကျောက်ဖြူ ကားလမ်းကိုလည်း အခက်အခဲမျိုးစုံ ကျော်လွှားပြီး ဖောက်ခဲ့ရသည်။ ရန်ကုန်-ကျောက်ဖြူကားလမ်းပေါ်တွင် ပေ ၁၈၀အထက် တံတား ၁၆စင်း၊ ပေ ၁၈၀ အောက် တံတား ၈၇၉စင်း ဆောက်လုပ်ခဲ့ရသည်။**

နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ စာရေးသူတို့ ကြားသိလိုက်ရသော သတင်းကောင်းကား ရခိုင်ပြည်နယ်တွင် မော်တော်ကားလမ်းသာမက မီးရထားလမ်း ဖောက်လုပ်ပေးမည်ဆိုသော သတင်းဖြစ်ပါသည်။ ရခိုင်တွင် မီးရထား စီးရလိမ့်မည်ဟု စာရေးသူတို့ ယောင်၍မျှ စိတ်မကူးမိခဲ့ပါ။ ယခုစစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့များမှစ၍ အမ်းမြို့အထိ မီးရထားလမ်းဖောက်မည်။ အမ်းမြို့မှတစ်ဆင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ရထားလမ်းနှင့် ဆက်သွယ် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတွက် မီးရထားသံလမ်းမိုင် ၁၀၀၀စာကို ပြည်ပက ဝယ်ယူနေပြီဖြစ်ကြောင်း၊ ဤမီးရထားလမ်း မကြာမီ အမြန်ဆုံး စတင်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်နယ်အတွက် အကောင်းဆုံးသတင်း အသိပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွက် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ပေးမည့် အစီအစဉ်၊ ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ ရေလုပ်ငန်းဖွံ့ဖြိုးရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးလုပ်ငန်းများကို နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာသော ဝန်ကြီးများက ဆောင်ရွက်ပေးမည်ဟု သိရသဖြင့် ပြည်နယ်သူ ပြည်နယ်သားများက ဝမ်းပန်းတသာ ရှိနေကြပါသည်။

စာရေးသူတို့ ရခိုင်ပြည်နယ်သည် လက်ရှိအားဖြင့်လည်း ဖွံ့ဖြိုးမှုအသီးအပွင့်များ တဝေဝေရှိနေပြီး နိုင်ငံတော်ဝန်ကြီးချုပ်ပါးသော သတင်းကောင်းများအရ ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာပေဦးတော့မည်။ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ကြားရသော ရခိုင်ပြည်နယ် ပိုမိုဖွံ့ဖြိုးရေးအစီအစဉ်များမှာ နိုင်ငံတော်က ရခိုင်ပြည်နယ်အတွက် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ လက်ဆောင်မွန်ဖြစ်သည်ဟု ရှုမြင်မိပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်း အားလုံးတို့၏ ပြည်ထောင်စုနေ့ လက်ဆောင်မွန်ဖြစ်သည်ဟု ခံယူမိပါသည်။ ယခုအခါ ပြည်ထောင်စုကြီး၏ တစ်နံတစ်လျား နေရာလပ်မကျန် ဖွံ့ဖြိုးရေး အသီးအပွင့်များ ဝေဝေစည်စည်ဖြစ်နေပြီး ငြိမ်းချမ်းသာယာဝပြောနေပြီဖြစ်ရာ ဤသည်မှာ ပြည်ထောင်စု၏ အရသာ၊ လွတ်လပ်ရေး၏ အရသာ၊ စည်းလုံးညီညွတ်မှု၏ အရသာများပင် မဟုတ်ပါလားခင်ဗျာ။ ။



**ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် စက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ ၄၁၇သန်းထုတ်လုပ်နိုင်မည့် သံတွဲမြို့ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူဌေးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် သူဌေးချောင်း ရေအားလျှပ်စစ် စီမံကိန်းကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# ရာသီကူးပြောင်းချိန် ကြက်ရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**ရာသီကူးပြောင်းချိန် ကြက်ရောဂါဆိုင်ရာ**
**သတိပေးနှိုးဆော်ချက်**
**နေပြည်တော် ၁၃-၂-၂၀၀၉ ရက်နေ့**

၁။ **မြန်မာနိုင်ငံကြက်၊ ဘဲမွေးမြူရေး သယံဇာတအရင်းအမြစ်**

(က) **ကြက်၊ ဘဲမွေးမြူကောင်ရေ။** ၂၀၀၇-၂၀၀၈ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံအတွင်း ကြက်၊ ဘဲ မွေးမြူကောင်ရေ ၁၁၈သန်း ရှိသည့်အနက် တိုင်းရင်းကြက်၊ ဘဲကောင်ရေသည် ၈၇ရာခိုင်နှုန်း၊ စီးပွားဖြစ်မွေးမြူထားသည့် ကြက်၊ ဘဲကောင်ရေသည် ၁၃ရာခိုင်နှုန်း မွေးမြူထားရှိပါကြောင်း၊

(ခ) **တိုင်းရင်းကြက်၊ ဘဲ မွေးမြူမှုစနစ်။** တစ်ပိုင်တစ်နိုင် တိရစ္ဆာန်တစ်မျိုးတည်း မွေးမြူခြင်း၊ ဘဲ၊ ဝက်စသည့် အခြား တိရစ္ဆာန်များနှင့် ရောနှောမွေးမြူခြင်း၊

(ဂ) **မွေးမြူရောင်းဝယ်ဖောက်ကားသည့်စနစ်။** သမားရိုးကျ ကြက်၊ ဘဲ အရှင်များ အဆင့်ဆင့် စုဆောင်းကောက်ယူ၍ လက်ကား၊ လက်လီ ရောင်းဝယ်ဖောက်ကားကြောင်း၊

(ဃ) **ကြက်၊ ဘဲ အရှင် သယ်ယူပို့ဆောင်မှုစနစ်**

(၁) လက်ဆွဲ၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ လှေ၊ သင်္ဘော မော်တော်ကား မီးရထား အဆင့်ဆင့်သယ်ယူ၍ ဝါးခြင်း၊ ပလတ်စတစ်ခြင်း၊ သံခြင်းစသည်တို့ကို အသုံးပြုပို့ဆောင်ကြောင်း၊

(၂) ကြက်ဥ၊ ဘဲဥ၊ ကြက်စာ၊ ဘဲစာများအတွက် ထုပ်ပိုးပစ္စည်းများအား လှည့်ပတ်သုံးစွဲကြောင်း၊

၂။ **ရာသီအကူးအပြောင်းကာလ ကြက်၊ ဘဲရောဂါ ဖြစ်ပွားကျရောက်မှု**

(က) **ဖြစ်ပွားတတ်သောကြက်၊ဘဲရောဂါများ။** နှစ်စဉ်ဆောင်းရာသီကာလများတွင် ကြက်လည်လိမ်၊ ကြက်လေပြွန်ရောင်၊ ကြက်ဆီဘူးရောင်၊ ကြက်ဘဲဝမ်းကျ၊ ကြက်ငှက်တုပ်ကွေးရောဂါများ ကျရောက်ဖြစ်ပွားလေ့ရှိပြီး ရောဂါကျရောက်မှု၊ ရောဂါသင်္ကေတလက္ခဏာများ၊ သေဆုံးမှုများ၊ ရောဂါတစ်ခုနှင့်တစ်ခု ရှုပ်ထွေးမှုရှိကြောင်း၊

(ခ) **၂၀၀၉ခုနှစ်ဆန်းတွင် ဖြစ်ပွားခဲ့သော ကြက်၊ဘဲရောဂါများ**

(၁) **ကြက်လည်လိမ်ရောဂါ။** ၂၀၀၈ခု ဒီဇင်ဘာလ ဒုတိယပတ် နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ၂၀၀၉ခု ဇန်နဝါရီ/ဖေဖော်ဝါရီလ ပြည်မြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်များ၌ ကြက်နှင့်ငုံး မွေးမြူရေးခြံအချို့၌ ကြက်လည်လိမ်ရောဂါနှင့် အခြားကြက်ရောဂါများ ရောနှောဖြစ်ပွားခဲ့ကြောင်း၊

(၂) **ဘဲဝမ်းကျရောဂါ။** ၂၀၀၉ခု ဖေဖော်ဝါရီလ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်၊ ဒေသ ဘဲမွေးမြူရေးခြံတစ်ခြံတွင် ဘဲဝမ်းကျရောဂါ ဖြစ်ပွားခဲ့ကြောင်း။

၃။ **ကြက်၊ ဘဲရောဂါဖြစ်ပွားမှုများအပေါ် အရေးယူဆောင်ရွက်ချက်**

(က) ၂၀၀၉ခု နှစ်ဆန်းပိုင်း ဖြစ်ပွားသည့် ကြက်လည်လိမ်ရောဂါသည် ကာကွယ်ဆေးထိုးမှု လစ်ဟင်းသွားသဖြင့်လည်းကောင်း၊ ဈေးကွက်ပို့ခါနီးကြက်များအား ကာကွယ်ဆေး မထိုးတော့သဖြင့်လည်းကောင်း၊ ယခင် ထိုးနှံခဲ့သော ကာကွယ်ဆေး၏ အာနိသင်ကုန်ဆုံးချိန်၌ ဝင်ရောက်ကူးစက်လာသည့် ကြက်လည်လိမ်ရောဂါသည် သေပျောက်နှုန်းမြင့်မားပြီး ကူးစက်မှု မြန်ဆန်သဖြင့် ရောဂါကြိုတင်ကာကွယ်မှုနှင့် ကြက်နာများ စားသုံးသူဈေးကွက် မရောက်ရှိရေး၊ ပြည်သူ့ကျန်းမာရေးအတွက် ရောဂါဖြစ်သည့် ကြက်၊ ငုံးများ ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊

(ခ) အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိပါကြောင်း၊ ပြည်သူလူထုအတွင်း စိုးရိမ်ကြောင့်ကြမှုမရှိရန် ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊

၄။ **တိရစ္ဆာန်ကျန်းမာရေးသတိ**

(က) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဇီဝလုံခြုံမှုအတွက် ကြက်၊ ဘဲနှင့် အခြား တိရစ္ဆာန်များ ရောနှောမွေးမြူခြင်းမပြုရန်၊ ဇီဝလုံခြုံမှုသင့်တင့်ကောင်းမွန်သောခြံများ တည်ဆောက်မွေးမြူကြရန်။

(ခ) ကြက်ရောဂါပျံ့နှံ့မှု ကာကွယ်တားဆီးနိုင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ၊ ကြက်သယ်ဆောင်ယာဉ်၊ ထုပ်ပိုးကိရိယာများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်သားပေါက်ပို့ဆောင်ရေး စက္ကူဘူးများ၊ အစာအိတ်များ လည်ပတ်သုံးစွဲခြင်းမပြုရန်။

(ဂ) အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသော ကြက်၊ ဘဲ၊ ငုံးများအား ရောင်းချစားသုံးခြင်းမပြုရန်နှင့် မြေမြှုပ်ဖျက်ဆီးရန်။

(ဃ) ပုံမှန်မဟုတ်သော ကြက်သေဆုံးမှုများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာ သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၉ (စနေနေ့ )

**AM & PM**

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | **အနတ္တမြင်လျှင်နိဗ္ဗာန်ဝင်** တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)] |
| ၇:၅၅-၁:၅၅ | နံနက်ခင်းအလှ |
| ၈:၁၀-၂:၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈:၃၅-၂:၃၅ | Activities in the City (မြို့တော်ဆေးခန်း မျက်စိအခမဲ့ ခွဲစိတ်ကုသခြင်း) |
| ၈:၅၀-၂:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅-၂:၅၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၉:၁၅-၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅-၃:၂၅ | ဖုန်ကန်ရာဇီမှပွဲတင်သံများ |
| ၉:၅၀-၃:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅-၃:၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၀-၄:၀၀ | သွားမယ်စားမယ် (Romantic Food Centre) |
| ၁၀:၁၅-၄:၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၂၀-၄:၂၀ | စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက် |
| ၁၀:၄၀-၄:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀-၄:၅၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဟိန်းလတ်နှင့် တွေ့ဆုံခြင်း) |
| ၁၁:၁၅-၅:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀-၅:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၂၅-၅:၂၅ | သစ်ခွ |
| ၁၁:၄၅-၅:၄၅ | Yangon Panorama (Laser World VIDEO Production) ၏ ပျော်ရွှင်စေသောနေ့ရက်များ ဇာတ်လမ်းတိုမိတ်ဆက်ပွဲ |
| ၁၂:၀၀-၆:၀၀ | တောင်ငူခေတ်ရဲ့ပုံရိပ် ပန်းချီတော်ဝင်ကေတုမတီ |
| ၁၂:၂၅-၆:၂၅ | Shopping Guide (JUNCTION 8) |
| ၁၂:၄၅-၆:၄၅ | အသက်ကလေးရယ်တဲ့ ရှည်စေလို ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မိုးမိုးခိုင် (ဒါရိုက်တာ-ကြည်စိုး) |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo၊ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၃၀ | **Swansea City-Fulham** | **Star Sports (Live)** |
| ၉:၂၅ | **Sheffield-Hull City** | **ESPN (Live)** |
| | **West Ham-Middlesbrough** | **Star Sports (Live)** |
| ၁၁:၃၀ | **Watford-Chelsea** | **Star Sports (Live)** |

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တယုဂန္ဓရ ပျံလွန်တော်မူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့ နန်းဦးစာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် သက်တော်(၉၇)နှစ် သိက္ခာတော်(၇၈)ဝါရှိ ဘဒ္ဒန္တယုဂန္ဓရ (မဟာဒွါရ) မဟာထေရ်ဆရာတော်ကြီးသည် ၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော်၃ရက်၊ ဖေဖော်ဝါရီ ၁၂ရက် (ကြာသပတေးနေ့) နံနက်၂နာရီခွဲတွင် သီတင်းသုံးတော်မူရာ နန်းဦးကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၅/၈)ရပ်ကွက် သစ်ခွပန်းခြံတွင် ဖေဖော်ဝါရီ ၈ရက် နံနက်၈နာရီက အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် ပဲငံပြာရည်နှင့် ရှာလကာရည်စက်ရုံ စက်ရုံမှူး ဦးရဲမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ဖွင့်လှစ်ရောင်းချ**

အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ၈ရက်မှစတင်၍ နံနက် ၈နာရီမှ ည၈နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုကြောင့် ကညွတ်ကွင်းမြို့၌ မိုင်းတစ်လုံး ဖော်ထုတ်သိမ်းဆည်းရမိ

## ကျောက်ကြီးမြို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား

## အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အကြမ်းဖက်ဖောက်ခွဲမှုများ မလုပ်ဆောင်နိုင်ရေးအတွက်

## ပြည်သူများအနေဖြင့် သက်ဆိုင်ရာနှင့်အတူ ဝိုင်းဝန်းဖော်ထုတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီ ၈ရက် ည၁၀နာရီခွဲခန့်က တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုကြောင့် ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ဈေးပိုင်းရပ်ကွက် (၄)လမ်း ရေနုတ်မြောင်း ကွန်ကရစ်ပိုက်လုံးအောက်ခြေမှ ပလတ်စတစ်ပုံးဖြင့် ပြုလုပ်ထားသော မိုင်းတစ်လုံးကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှာဖွေရှင်းလင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပဲခူးတိုင်း ကျောက်ကြီးမြို့၌ ယမန်နေ့ည ၁၀နာရီခန့်တွင် ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရှိရသည်။

**ထိခိုက်ဒဏ်ရာရရှိမှုမရှိ**

ဖြစ်ပွားပုံမှာ ယမန်နေ့ည ၁၀နာရီခန့်တွင် ကျောက်ကြီးမြို့ရှိ ကတ်ကျေးရပ်ကွက်နှင့် ခြောက်အိမ်စုကျေးရွာတို့အကြား ဆက်သွယ်ထားသော ယာယီသစ်သားတံတားပေါ်၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် ၁၀မိနစ်ခန့်အကြာတွင် ဆားတန်းရပ်ကွက်ရှိ လူမနေသည့် အိမ်တစ်လုံး၏ ခြံစည်းရိုးအနီး၌ မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုဖြစ်စဉ် နှစ်ခုစလုံးတွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ရန်အတွက် ဖောက်ခွဲဖျက်ဆီးရေးသမားများအား ပြည်တွင်းသို့စေလွှတ်လျက်ရှိကြောင်း သတင်းများရရှိထားပြီး အဆိုပါအကြမ်းဖက်ဖောက်ခွဲရေးသမားများအား သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကာကွယ်တားဆီး**

သို့ဖြစ်ရာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ မပြုလုပ်နိုင်ရေးအတွက် အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကုန်သန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်သမားများအား အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းကဲ့သို့ ကြိုတင်ဖော်ထုတ်နိုင်မှသာ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်ဟု သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
# လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

**လှူဒါန်းနိုင်**

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ) | ၂၉၆၄ ချပ် ၁ ချပ် | ကျပ် ၁၆၂၀၀၀၀ နှုန်း |
| (၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ) | ၄၂၀၈ ချပ် ၁ ချပ် | ကျပ် ၅၈၀၀၀၀ နှုန်း |
| (၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ) | ၂၂၈၁၉ ချပ် ၁ ချပ် | ကျပ် ၂၂၀၀၀ နှုန်း |
| (၄) စကျင်ကျောက် (၂ပေ×၂ပေ) | ၁၀၀၈၈၉ ချပ် ၁ ချပ် | ကျပ် ၁၃၀၀၀ နှုန်း |
| (၅) မြစ်သားကျောက် (၂ပေ×၂ပေ) | ၂၄၇၈၆ ချပ် ၁ ချပ် | ကျပ် ၁၃၀၀၀ နှုန်း |

**ဆက်သွယ်နိုင်**

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**



(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် သရဖီကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## လက်ဆောင်ပစ္စည်းပေးအပ်

ရန်ကုန် စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁)အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား ကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ၇ရက်က ဗဟန်းမြို့နယ် M-3 Food Centre ၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ဟောင်းများက အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကန်တော့ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြစဉ်။ (မြန်မာ့အလင်း)

## ပြည်ထောင်စုနေ့ မြင်းမူ၌ ကျင်းပ

မြင်းမူ ဖေဖော်ဝါရီ ၁၃

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မျက်နှာစာ၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက ဖတ်ကြားသည်။ (၁၃၅)

# ဂူဟာစ်ဒင့်နဲ့ ချယ်လ်ဆီးတို့ရဲ့ အနာဂတ်

အားကစားသတင်းမှတ်စု-မောင်ချစ်ကြည်

*လန်ဒန် ဖေဖော်ဝါရီ ၁၃*

*မော်ရင်ဟို ထွက်ခွာသွားပြီးတဲ့နောက်ပိုင်းမှာ နည်းပြတွေ တစ်ဦးပြီးတစ်ဦး ထုတ်ပယ်နေတဲ့ ချယ်လ်ဆီးအသင်းရဲ့ နည်းပြစင်မြင့်ပေါ်ကို တတိယမြောက်တက်ရောက်လာသူကတော့ ဒတ်ချ်နိုင်ငံသား ဂူဟာစ်ဒင့်ပဲ ဖြစ်ပါတယ်။*

***မှတ်ချက်ပြု***

*ချယ်လ်ဆီးအသင်းကို အောင်မြင်မှုတွေ ရယူပေးမယ်လို့ ကြွေးကြော်ခဲ့တဲ့ နည်းပြစကိုလာရီကတော့ ပရီမီယာလိဂ် တစ်ရာသီတောင် မကုန်သေးတဲ့အချိန် ဖေဖော်ဝါရီ၁ရက်မှာ ရုတ်တရက်ထုတ်ပယ်ခြင်း ခံလိုက်ရပြီဖြစ်ပါတယ်။ စကိုလာရီဟာ အပြောနဲ့လက်တွေ့မညီဘူးလို့ ချယ်လ်ဆီးပိုင်ရှင် အီဗရာမိုဗစ်က မှတ်ချက်ပြုခဲ့ပါတယ်။*

*ဘရာဇီးအသင်းကို ၂၀၀၂ခုနှစ်က ကမ္ဘာ့ဖလားရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ စကိုလာရီဟာ ချယ်လ်ဆီးလို ဘောလုံးသမားကောင်းတွေပေါများတဲ့ ပရီမီယာလိဂ် ကလပ်အသင်းတစ်သင်းအတွက်ကတော့ အောင်မြင်မှုတွေ ဆောင်ကြဉ်းနိုင်မယ့်သူမဟုတ်ဘူးလို့ အမှုဆောင်အဖွဲ့က သုံးသပ်ခဲ့ကြပါတယ်။*

***ထုတ်ပယ်***

*ဘရာဇီးရဲ့ ကစားဟန်နဲ့ နည်းစနစ်ကို ဥရောပကစားဟန်နဲ့ပေါင်းစပ်ပြီး ချယ်လ်ဆီးအသင်းကို ဗျူဟာခင်းကျင်း ကစားစေခဲ့ပေမယ့် ပရီမီယာလိဂ်ဟာ ဥရောပရဲ့ အခြားလိဂ်တွေနဲ့ ကစားဟန် ကွဲပြားပါတယ်။ ပရီမီယာလိဂ်မှာ ဘရာဇီးဘောလုံးသမားတွေ လာရောက်ကစားမှုနည်းတာဟာ အဲဒီအချက်ကြောင့်ပဲ ဖြစ်ပါတယ်။ နောက်ပြီး နိုင်ငံပေါင်းစုံက လာရောက်ကစားတဲ့ ဘောလုံးသမားတွေကို စည်းရုံးမှုအပိုင်းမှာ စကိုလာရီ အားနည်းခဲ့လို့ ပွဲစဉ်အတော်များများ ရလဒ်မကောင်းခဲ့တာလို့ အီဗရာမိုဗစ်က သုံးသပ်ခဲ့ပြီး နည်းပြအဖြစ်က ထုတ်ပယ်ခဲ့ခြင်းဖြစ်ပါတယ်။*

*အခု ခန့်အပ်လိုက်တဲ့ အသက် ၆၂နှစ်ရှိပြီဖြစ်တဲ့ ဂူဟာစ်ဒင့်ကတော့ တကယ့်ကို ချင့်ချင့်ချိန်ချိန်ရှိတဲ့ နည်းပြတစ်ဦးပဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ ချယ်လ်ဆီးနည်းပြအဖြစ် ယာယီလုပ်ကိုင်ကြည့်မယ်၊ နှစ်ရှည်စာချုပ်ကို နောက်မှ ချုပ်ဆိုမယ်လို့ပြောကြားပြီး ယာယီနည်းပြတာဝန်ယူခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မိမိတာဝန်ယူတဲ့ ကာလမှာ ချယ်လ်ဆီးအသင်းကို ဘယ်လိုအောင်မြင်မှုတွေရရှိရမယ်လို့ တစ်လုံးမှ ကတိမပြုခဲ့တဲ့သူလည်းဖြစ်ပါတယ်။*

***စည်းလုံးညီညွတ်မှု***

*ဂူဟာစ်ဒင့်ဟာ ချယ်လ်ဆီးကလပ်ကို ရောက်ရောက်ချင်းမှာပဲ အမာခံဘောလုံးသမားတွေနဲ့ တွေ့ဆုံပြီး သူတို့ရဲ့ဆန္ဒတွေကို နားထောင်ခဲ့ပါတယ်။ နောက်ဆုံးမှာ အားလုံးစုစည်းညီညွတ်မှ အောင်မြင်မှုရရှိမယ်လို့ ပြောကြားခဲ့ပါတယ်။ လောလောဆယ်မှာ ချယ်လ်ဆီးဘောလုံးသမားတွေ စည်းလုံးညီညွတ်မှုရအောင် ကြိုးစားနေပါတယ်။*

*တောင်ကိုရီးယားအသင်းကို ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအထိရောက်အောင် ကြိုးစားပေးနိုင်ခဲ့တဲ့ ဂူဟာစ်ဒင့်နဲ့ ချယ်လ်ဆီးတို့ရဲ့ အနာဂတ်ကတော့ စိတ်ဝင်စားစွာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။* ***(အင်တာနက်)***





သာကေတမြို့နယ်ရှုခင်းသာ အဆင့်မြင့်အိမ်ရာ၏ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်က ရှုခင်းသာအဆင့်မြင့်အိမ်ရာ B-2/ B-3 ၌ ကျင်းပခဲ့စဉ်။ (မြန်မာ့အလင်း)

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၉ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဒိုင်း ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသည်။

**ပထမနေ့**

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမင်းသိန်းနှင့် ဦးစံထွန်းတို့က ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပထမနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

**မီတာ ၅၀၀၀**

အမျိုးသားမီတာ ၅၀၀၀ ပြိုင်ပွဲတွင် ကြည်မင်းစိုး (ကာကွယ်ရေး)က ပထမ၊ စိုးမင်းသူ (စီးပွား/ကူးသန်း)က ဒုတိယ၊ ညီညီအောင် (ပြည်ထဲရေး)က တတိယ၊ အမျိုးသမီး မီတာ၄၀၀ပြိုင်ပွဲတွင် အေးအေးသန်း (ပြည်ထဲရေး) က ပထမ၊ နော်ကပေါဖောက ဒုတိယ၊ မြင့်မြင့်အေး (ပြည်ထဲရေး) က တတိယ၊ အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲတွင် နေနေဝင်း (လယ်ယာ/ဆည်မြောင်း)က ပထမ၊ ငုဝါစိုး (ပြည်ထဲရေး)က ဒုတိယ၊ အေးသန္တာ (လယ်ယာ/ဆည်မြောင်း) က တတိယ တို့ရရှိကြသည်။

**စတင်မည်**

ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး နေ့စဉ်နံနက်၆နာရီ၁၅မိနစ်တွင် စတင်ကျင်းပမည်ဖြစ်သည်။ (မြန်မာ့အလင်း)

**အမျိုးသားမီတာ၅၀၀၀ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။** (မြန်မာ့အလင်း)



# ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းအား မြို့နယ်သူ/သားများက ဂုဏ်ပြုကြမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)အား ရန်ကုန်မြို့ရောက် ဆင်ဖြူကျွန်းမြို့နယ်သူ မြို့နယ်သားများက ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ဧရာဝဏ်လမ်းမကြီး သာကေတအဝိုင်းအနီးရှိ High Light ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်မေးမြန်း**

ဂုဏ်ပြုချီးမြှင့်ပွဲသို့ ရန်ကုန်မြို့ရောက် ဆင်ဖြူကျွန်းမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးမောင်မောင်ကြီး ဖုန်း-၀၉-၈၀-၂၄၂၅၀၊ ဒုတိယဗိုလ်မှူးကြီးဝင်းထိန်(ငြိမ်း) ဖုန်း-၆၉၉၀၄၃၊ ဦးစန်းလွင် ဖုန်း-၅၃၀၀၅၈နှင့် ဦးမောင်မောင်လင်း ဖုန်း-၀၉-၅၅-၀၀၂၆၆ တို့သို့ စုံစမ်းဆက်သွယ် မေးမြန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**



ဖေဖော်ဝါရီ၁၄ရက်က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်းရိပ်သာ သုနန္ဒာလမ်းမကြီးနေ ဗိုလ်မှူးကြီးမြမောင်(ငြိမ်း) ဒေါ်တင်မိုးရည်မိသားစုတို့က (၅၅)နှစ် မင်္ဂလာနှစ်ပတ်လည်အတွက် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းတစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

# မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို) န၀မအကြိမ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၏ န၀မအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ၂၁ရက်မှ ၂၂ရက်အထိ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ပြီး၊ အိမ်မွေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲများနှင့် မွေးမြူရေးအစာ၊ ဆေးဝါးနှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ပြခန်းနှင့် အရောင်းဆိုင်များ ဖွင့်လှစ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မန္တလေး၌ ကွန်ပျူတာ အခြေခံသင်တန်းဆင်း

မန္တလေး ဖေဖော်ဝါရီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံ သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီက မန္တလေးတိုင်း ပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## သင်တန်းဆင်းလက်မှတ်ပေးအပ်

အခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး (အပေါ်ဝဲပုံ) သင်တန်းထူးချွန်ပထမဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်ရုံးမှ မနန်းယဉ်မွန်အေး၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်ရုံးမှ မကေသီဝင်းနှင့် တတိယဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်ရုံးမှ မောင်ပြည့်ဖြိုးအောင်တို့အား ဆုများချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ကြသည်။ (ပြည်တွင်းအခွန်)

**မြစ်ကြီးနားမြို့ ကန်ကြီးရပ်ကွက် ရေပေးဝေရေးလုပ်ငန်းကို ဇန်နဝါရီ ၂၃ရက်က ကချင်ပြည်နယ်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# စာပဒေသာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်၊စာစောင်နှင့်ဂျာနယ်မျိုးစုံ လယ်ဝေး၌ပေးအပ်လှူဒါန်း

နေပြည်တော်လယ်ဝေး ဖေဖော်ဝါရီ ၄

**(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် လယ်ဝေး အေလာကျေးရွာအုပ်စု စက်ပိုင်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာပဒေသာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၂၇ရက် နံနက် ၉နာရီက အဆိုပါရပ်ကွက် စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင် (ဇော်ဇော်အောင်)၊ ရပ်မိရပ်ဖဦးစိုးနိုင်နှင့် ကျေးရွာအုပ်စုမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်လှလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်(ဇော်ဇော်အောင်)က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကိုကိုကြီးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူး၊စာပေဖတ်ရှုမှု အလေ့အထကောင်းရရှိရေးနှင့် စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးက စာအုပ်စာစောင် အုပ် ၁၀၀၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးဇော်အောင်-ဒေါ်မြင့်မြင့်သန်း မိသားစုက စာအုပ်နှင့်ဂျာနယ်မျိုးစုံ၂၂၃အုပ်၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသိန်းတိုး (တိုးလင်းရှိန်)-ဒေါ်ရီရီပြုံး မိသားစု၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကျော်လွင်နိုင်(ကျော်ကောင်းခန့်)တို့က စာအုပ်၊မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံ အုပ် ၅၀စီ၊အလှူရှင်များဖြစ်သည့် ဦးသန့်အောင်-ဒေါ်နှင်းစိန်၊ ဦးဝင်းလွင်-ဒေါ်ခင်မမ၊ ဦးသောင်းရွှေ၊ ဦးခင်မောင်တင့်-ဒေါ်မိုးမိသားစု၊ ဦးကျော်သောင်း-ဒေါ်မြမြသွင်နှင့် ဒေါက်တာကြည်လွင်-ဒေါ်မော်မော် (ပုလဲသွားဆေးခန်း)တို့က စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ရှိ သူများက လက်ခံယူကြသည်။ (ဝ၈၃)

# နမ္မတီး၌ ကတ္တရာထပ်ပိုးလွှာခင်း

မိုးကောင်း ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးတိုက်နယ် ပြည်သူ့ဆေးရုံရှေ့ လမ်းကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၃ သိန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇန်နဝါရီ ၂၇ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးက လိုက်လံရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။ (ဝဝ၁)



**တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရင့်နောင်ရင်ပြင် တာရာဇိုခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်နိုင် ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၀ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# နွားထိုးကြီးမြို့၌ လျှပ်စစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

နွားထိုးကြီး ဖေဖော်ဝါရီ ၄

**နွားထိုးကြီးမြို့ လျှပ်စစ်မီးအပြည့်အဝရရှိရေးအတွက် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်းအောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မြို့ပေါ်ရှစ်ရပ်ကွက်မှ လျှပ်စစ်ဓာတ်တိုင် ၂၂တိုင်ကို ခေတ်မီကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ကြသည်။**

**၁၉၅၀ပြည့်နှစ်က စိုက်ထူထားသော လျှပ်စစ်သံတိုင်များ ကျိုးပဲ့ပေါက်ပြဲနေ၍ လျှပ်စစ်အန္တရာယ်ကင်းရန် လျှပ်စစ်ဌာန၏ အစီအစဉ်ဖြင့် ကွန်ကရစ် ခေတ်မီတိုင်များ အစားထိုးလဲလှယ်ခြင်းဖြစ်သည်။** (ဝ၉၂)

# စစ်ကိုင်းမြို့နယ်၌ အလကခွဲ ကျောင်းဆောင်သစ်ဖွင့်

စစ်ကိုင်း ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်တောင်ရင်းကျေးရွာ အလယ်တန်းကျောင်း (ခွဲ) အောင်မင်္ဂလာကျောင်းဆောင်သစ်အပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးတင်ကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## အမှာစကားပြောကြား

အခမ်းအနားတွင် စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်အုန်းနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းတို့က ကျောင်းဆောင်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊သင်ကြားထောက်ကူပြုပစ္စည်းများ တိုးတက်လာအောင် ဆောင်ရွက်ရေးတို့အတွက် အမှာစကားပြောကြားသည်။

## အကုန်အကျခံ

အဆိုပါ အောင်မင်္ဂလာကျောင်းသစ်ကြီးကို နိုင်ငံတော်က ကျပ်သိန်း၁၀၀၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဘိလပ်မြေအိတ် ၁၀၀၊ ကျေးရွာပြည်သူလူထုက ကျပ်၁၂၂သိန်း စုစုပေါင်း ငွေကျပ် ၂၂၂ သိန်း အကုန်အကျခံ၍ပေ၁၅၀×ပေ၃၀ ရှည်လျားသော အဆောက်အအုံတွင် စာသင်ခန်း ငါးခန်းတွဲ အဆောက်အအုံဖြစ်သည်။ (မြို့နယ် ပြန်/ဆက်)

# လက်ပံတန်း၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

လက်ပံတန်း ဖေဖော်ဝါရီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်း၊မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်လတ်၊ ခေတ္တမြို့နယ် ကျန်းမာရေး ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

## ပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ဒုတိယရဲမှူး၊ ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာနှင်းနှင့် တာဝန်ရှိသူများက ပိုလီယိုကာကွယ်ဆေးများကို ကလေးသူငယ်များအား တိုက်ကျွေးကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)



**ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်း ဆောင် ရွက် သော ညောင် ပင် သာ ကတ္တ ရာ လမ်း နှင့် ညောင်ပင်ကုန်းတံတား ဖွင့်ပွဲကို ခေတ္တမြို့နယ် ဥက္ကဋ္ဌ ရဲအုပ် ကိုကိုကြီးနှင့် အမှုဆောင် အရာရှိ ဦးထွန်းလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်စည်ပင်)

**ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကလေး-လွိုင်ကော်လမ်းခွဲတွင် ဆောင်ရွက်လျက်ရှိသော မြေယာရှင်းအလှ လုပ်ငန်းကို ဇန်နဝါရီ ၁၃ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# ဟုမ္မလင်း၌ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး

ဟုမ္မလင်း ဇန်နဝါရီ ၃၀

စာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲကို ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာ၌ ဒီဇင်ဘာ ၂၆ရက် ညနေ ၄နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေး ဆောင်ရွက်ထားရှိရန်နှင့် စာဖတ်သူ၊ စာငှားသူများဖြင့် သက်ဝင်လှုပ်ရှားနေသော စာကြည့်တိုက်များဖြစ်အောင် စေတနာထားကြိုးပမ်းဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးသည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က အုပ်စုအတွင်းရှိ စာကြည့်တိုက်များအားလုံး အဆောက်အအုံဖြစ်မြောက်ရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ရေးတို့ကို ဟောပြောဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)





မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သော စက်မှု–မေတ္တာလမ်း(ကျောက်ချောလမ်း)ကို ဇန်နဝါရီ ၃ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်၊ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယုကြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

# ကျန်းမာရေးအသိပညာပြိုင်ပွဲ မိတ္ထီလာတွင်ကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၅

**မိတ္ထီလာမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် AMDA နှင့် JPO ပူးပေါင်းစီစဉ်ကျင်းပသည့် ပထမအကြိမ် ကျန်းမာရေးအသိပညာပြိုင်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက်က မိတ္ထီလာမြို့တော်ဝင်နန်းခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦး၊ မိတ္ထီလာခရိုင် ခုတင်(၂၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကြည်ဝင်းနှင့် အာရှဆရာဝန်များအသင်း (မြန်မာနိုင်ငံ) ကိုယ်စားအာရှ ဆရာဝန်များ အသင်း၊ ဂျပန်နိုင်ငံ (AMDA) ရုံးချုပ်မှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Shun-suke SUZUKI တို့က အမှာစကား ပြောကြားကြသည်။

## လက်တွေ့သရုပ်ပြ

ဆက်လက်၍ အရှေ့ဆည်ကုန်း၊ မြင်းကန်၊ အနောက်ဆည်ကုန်း၊ ရေချို၊ လျှော်ဖြူကန်၊ ခါးကော့၊ မကျီးပင်ပုနှင့် ဆူးဖြူကွက်ကျေးရွာများမှ ကျေးရွာကိုယ်စားလှယ်များက တီဘီရောဂါ၊ အန္တရာယ်ကင်းစွာ မွေးဖွားခြင်း၊ မြွေကိုက်လူနာ ရေးဦးသူနာပြုစုခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းများကို ကျေးရွာအလိုက် လက်တွေ့သရုပ်ပြနှင့် ဇာတ်လမ်းသရုပ်ဖော် ယှဉ်ပြိုင်ကြသည်။

ကျန်းမာရေး အသိပညာပြိုင်ပွဲတွင် ပထမဆုရ ဆူးဖြူကွက်ကျေးရွာအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဦးကလည်းကောင်း၊ ဒုတိယဆုရ အနောက်ဆည်ကုန်းကျေးရွာအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ တတိယဆုရ မြင်းကန်ကျေးရွာအသင်းအား ခရိုင်ဆရာဝန်ကြီး ဦးကြည်ဝင်း**(အပေါ်ပုံ)**နှင့် နှစ်သိမ့်ဆုရရှိသည့် ကျေးရွာများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၀၈၆)**

# သီပေါမြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဈေးရေကန်များ ရေဖြည့်တင်းထားရှိမှု ဆောင်ရွက်

**သီပေါ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးရှိရေကန်များ ရေဖြည့်တင်းထားမှု၊ အဝင်အထွက်လမ်းများ ရှင်းလင်းထားရှိမှု၊ အပေါ့စားမီးသတ်စက်ငယ်များ ကြွခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးသက်ဇော်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ ဒီဇင်ဘာ ၂၄ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ စားသောက်ဆိုင်များနှင့် ရပ်ကွက်အသီးသီးသို့ ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပညာပေးဟောပြောခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားများထားရှိရေးနှင့် မီးသတိမူရေးဆိုင်းဘုတ်စိုက်ထူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(၀၂၀)**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ဒီဇင်ဘာ ၂၀ရက်က ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသော ပင်းတောက်ကျေးရွာ ရေပေးရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (ခရိုင် ပြန်/ဆက်)

# အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

**ဟုမ္မလင်း ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သော အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၂/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို လွှစဉ်ကုန်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၂ရက် နံနက် ၁၁နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြသည်။

## တက်ရောက်

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား ၄၁ဦးနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းပဒေသာ



**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပုန်းချယ်ကျေးရွာလမ်း ကျောက်စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးဝဏ္ဏကျော် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# မိုးကုတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ အခမ်းအနား ကျင်းပ

**မိုးကုတ် ဖေဖော်ဝါရီ ၄**

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အခမ်းအနားကို ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၁၂နာရီခွဲက အောင်နန်းရပ် အမှတ်(၁) အထကကျောင်း မြသီတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌ ဦးကလပ်ချန္ဒရာ(အောင်သူရိန်–မိုးကုတ်)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှပေးပို့သည့် စာဆိုတော်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းဦး(မောင်ထွန်းဦး–မိုးကုတ်)က ဖတ်ကြားပြီး စာနယ်ဇင်းအဖွဲ့ဝင် ဦးခင်မောင်ဌေးက စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**



**မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများအားလုံး ကတ္တရာလမ်းဖြစ်ရေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ပုလဲလမ်းကို ကတ္တရာလမ်းအဖြစ် အငယ်တန်းအင်ဂျင်နီယာ –၂ (မြို့ပြ) ဦးစိုးသိန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# ကျေးရွာနှင့်ကျောက်ထုမြို့ ဆက်သွယ်သော ချီချောင်းကူး လူကူးကြိုးတံတားဖွင့်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၄**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါခရိုင် ကျောက်ထုဒေသရှိ ဝါလွန်းကျေးရွာနှင့် ကျောက်ထုမြို့တို့ကို ဆက်သွယ်ထားသည့် ချီချောင်းကူး လူကူးကြိုးတံတားဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပရာ ဂန့်ဂေါခရိုင် ဥက္ကဋ္ဌ ဦးအင်းကျူ၊ ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူးဦးအောင်လင်းနှင့် ကြိုးတံတား ဆောက်လုပ်ရေးကော်မတီဝင် ဦးဇော်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကြိုးတံတားမှာ အလျား ၂၄၅ ပေ၊ အနံ ငါးပေ၊ အမြင့် ၁၅ပေရှိ၍ ကုန်ကျငွေကျပ် သိန်း၁၇၀ဖြင့် အကုန်အကျခံ၍ ချီချောင်းကူး လူကူးကြိုးတံတား ဆောက်လုပ်ထားသည့်အတွက် ကျောက်ထုမြို့ အရှေ့ဘက်ဒေသရှိ ကျေးရွာများသည် ကျောက်ထုမြို့နှင့် ရာသီမရွေး ဆက်သွယ်မှုလွယ်ကူစေကာ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့်ပညာရေးတို့ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။ (၀၇၁)

**မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပဲကောက်–ကံသာ ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်း ကြီးကြပ်ဆောင်ရွက်ရာသို့ ဇန်နဝါရီ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးသန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# မှုခင်းသတင်း

# လေဖြတ်နေသူ အဒေါ်အား တူဖြစ်သူက သတ်သည့်ဖြစ်ရပ် ရေစကြိုမြို့နယ်တွင် ဖြစ်ပွားခဲ့

ရေစကြို ဇန်နဝါရီ ၃၀

လေဖြတ်ရောဂါဖြင့် အိပ်ရာထဲတွင်လဲနေသော အဒေါ်အရင်းအား အတူနေတူဖြစ်သူက သတ်သည့် လူသတ်မှုဖြစ်ရပ် ဇန်နဝါရီ ၅ရက်က ရေစကြိုမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရေစကြိုမြို့နယ် ကန်တော်ရပ် အမှတ်(၄)နယ်မြေတွင်နေသူ ဒေါ်သိန်းခင် အသက်(၈၄နှစ်)သည် လေဖြတ်ရောဂါ ဝေဒနာခံစားနေရပြီး အိပ်ရာထဲတွင်လဲနေသူဖြစ်သည်။ ယင်းနေ့က အဆိုပါဒေါ်သိန်းခင်သည် လည်ပင်း၌ ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ အဆိုပါ သေဆုံးသူနှင့် အတူနေ တူအရင်းဖြစ်သူ မောင်ချိုမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ထို့ကြောင့် မောင်ချိုအား ရှာဖွေဖမ်းဆီးစစ်ဆေးရာမှ ၎င်းကသတ်မိကြောင်း ဝန်ခံထွက်ဆိုသဖြင့် ရေစကြိုရဲစခန်းမှ တရားခံမောင်ချိုအား ပုဒ်မ ၃၀၂အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (၀၆၉)

# နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖြစ် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်နိုင်မည် ရာနှုန်းပြည့်လုံခြုံမှုရှိသော ကယားပြည်နယ်ဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်း

## ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးအခြေခံပြီး စက်မှုလက်မှုနိုင်ငံထူထောင် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့ များများတင်ပို့နိုင်အောင် ကြိုးစားကြ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၉ ရက် နံနက်စနာရီတွင် လွိုင်ကော်မြို့ရှိ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# လုပ်ငန်းရှင်များ၊ လေ့လာသူများဖြင့် စည်ကားနေသော သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၀၉

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

အိုင်တီနည်းပညာများက အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့နေ့စဉ်နှင့်အမျှ ဆန်းသစ်စွာထွက်ပေါ်နေသော ခေတ်မီအိုင်တီနည်းပညာများကို မြန်မာလူငယ်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် အိုင်စီတီနည်းပညာပြပွဲများ မပြတ်တမ်းကျင်းပပေးလျက်ရှိသည်။

**ကျင်းပ**

မြန်မာအင်ဖိုတက်က ကြီးမှူးကျင်းပသည့် သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၀၉ ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ် နယ်မြေရှိ မြန်မာအင်ဖိုတက် အဆောက်အအုံဝင်းအတွင်း ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက်ရှိသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●




**Lucky bird** ပြခန်းတွင် ပြသထားသော အိုင်တီနည်းပညာသုံး ထုတ်ကုန်ပစ္စည်းများကို ဤသို့ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်။ (မြန်မာ့အလင်း)